ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (10-12-2009)(၆၂၄၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အသားတိုးကြက် ထုတ်လုပ်မွေးမြူ ရောင်းချသူများအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အသားတိုးကြက် ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်အောက်ရှိ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✱

ပြင်ခရိုင်ဒေသ၌ တည်ဆောက်လျက်ရှိသော လူ ၅၀၀ ဆံ့ Cyclone Shelter တစ်လုံးကို တွေ့ရစဉ်။



အတွေးသစ်၊ အမြင်သစ်တို့နှင့်အတူ အသွင်သစ်သို့ ပြောင်းလဲတိုးတက်လာသော ဧရာဝတီတိုင်း ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်၊ ကုန်းသာယာ

သတင်းဆောင်းပါး
မောင်လှသိန်း (သုရဲသမိန်)
အဆင်အပြင်-ရဲဝင်းဆောင်

တန်ဆောင်မုန်းလပြည့်ရန် တစ်ရက်သာလိုပါတော့သည်။ လသည် ပြည့်လုနီးပါးဖြစ်နေပေပြီ။ ကျွန်တော် ပုသိမ်ရောက်တော့ ည ၈ နာရီရှိလေပြီ။ တော်သေးသည်။ ကျွန်တော်လိုက်မည့် လိုင်းကောင်(ပုသိမ်-ဟိုင်းကြီး-ချောင်းဝ-ပြင်ခရိုင်သွား လိုင်းသင်္ဘောများကို ဒေသအခေါ် လိုင်းကောင်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။) ညစဉ် ၈ နာရီထွက်နေကျ ဖြစ်သော်လည်း ယနေ့ညတွင် ည ၉နာရီမှ ထွက်ဖြစ်ခဲ့ပါသည်။ လရောင်ကြောင့်ထင်ပါသည်။ ပုသိမ်မြစ်ကမ်းတစ်လျှောက်ရှိ တိုက်တာအဆောက်အအုံများ၊ မြစ်တွင်းရှပ်ပြေးအမြန်ယာဉ်များ၊ လိုင်းသင်္ဘောများနှင့် ငါးဖမ်းစက်တပ်လှေငယ်များ၏ ရောင်စုံအလှသည် တန်ဆောင်မုန်းညအလှနှင့်အတူပြိုင်၍ လှပနေခဲ့ပေသည်။

ကျွန်တော်စီးလာခဲ့သော လိုင်းကောင်သည် ပြင်ခရိုင်သို့ ဆိုက်ကပ်မည်ဖြစ်ပါသည်။ ယခင်ကလည်း ကျွန်တော် ရောက်ခဲ့ဖူးပါသည်။ ပြီးခဲ့သည့်နှစ် မေလ ၅ ရက် နာဂစ်မုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေးကာလများတွင် တာဝန်အရ ကျွန်တော် အကြိမ်ကြိမ် ရောက်ခဲ့ပါသည်။ ပြန်လည်ထူထောင်ပြီး အသားကျကာလမှာလည်း ရောက်ခဲ့ပါသည်။ ယခုတစ်ကြိမ် များစွာတိုးတက်ပြောင်းလဲနေသည်ဟု သိရ၍ ထပ်မံလာခဲ့ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော် ပြန်လည်မြင်ယောင်မိပါသေးသည်။ ယခင်ထူထောင်ရေးကာလတွင် ရေတစ်တန်၊ ကုန်းတစ်တန်၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ◆

အင်တာနက်နည်းပညာသိပ္ပံသတင်း

၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သုံးဖက်မြင် နည်းပညာဖြင့် ကြည့်ရှုနိုင်မည်

ဘာသာပြန်- ရေမောင်

တိုကျို ဒီဇင်ဘာ ၇

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် ဂျပန်နိုင်ငံရှိ အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီကြီးဖြစ်သော ဆိုနီကုမ္ပဏီတို့ ရရှိသည့် သဘောတူညီချက်တစ်ရပ်အရ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဘောလုံးပွဲများကို သုံးဖက်မြင် ပုံရိပ်ဖော်နည်းပညာ (3-D technology) ဖြင့် ကြည့်ရှုနိုင်ကြတော့မည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဖီဖာ၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သုံးဖက်မြင် ပုံရိပ်ဖော်နည်းပညာဖြင့် ရိုက်ကူးခွင့်ရရှိသော ကမ္ဘာ့ပထမဆုံးကုမ္ပဏီမှာ ဆိုနီကုမ္ပဏီဖြစ်လာသည်။

ဆိုနီကုမ္ပဏီသည် သုံးဖက်မြင်ပုံရိပ်၏ နည်းပညာကို ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ထုတ်လုပ်မှုလုပ်ငန်းတို့၌ ကျယ်ကျယ်ပြန့်ပြန့် **စာမျက်နှာ ၅ ကော်လံ ၄ သို့** ▼

ယနေ့
ကြေးမုံ
The Mirror
ဆောင်းပါးအညွှန်း
ကျော်ရဲမင်း၏ ဆောင်းပါး
စာမျက်နှာ (၈၊ ၉)

မြန်မာနိုင်ငံအနေနဲ့ မိမိမှာရှိတဲ့ အရင်းအမြစ်အားလုံးကို စွမ်းအားကုန်အသုံးချပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ ချိတ်ဆက်လက်တွဲပြီး အပြည့်အဝ ပူးပေါင်းလုပ်ကိုင်နေတာလည်း အများအမြင်ပဲဖြစ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၀-၁၂-၂၀၀၉
(ကြာသပတေးနေ့)

သုတေသနပြု ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ် လယ်ယာ၊ သားငါးနှင့် သစ်တောထွက်ကုန်များ တိုးတက်ထုတ်လုပ်

စားနပ်ရိက္ခာဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ နေရာဒေသမရွေး နေ့စဉ် စားနပ်ရိက္ခာ ဖူလုံစွာရရှိရေး၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ရေးတို့သည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးသော နိုင်ငံတိုင်းက သီးနှံပိုမိုစိုက်ပျိုးထွက်ရှိရေး အားထုတ်ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံ ပြည်ပပို့ကုန်စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍမှ ဖြစ်သည်။ အဖိုးတန်သယံဇာတများ ပေါကြွယ်ဝသဖြင့် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့စွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဦးတည်ပြီး သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ထို့အတူ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် သစ်တောသယံဇာတများ ထိန်းသိမ်းထုတ်လုပ်ရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းစေရန်ပြုစုထိန်းသိမ်းရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများတိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါး၊ ပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ကို သုတေသနပြု လုပ်ဆောင်လျက်ရှိသည်။

လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍတို့တွင် ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် သုတေသနလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က သုတေသနညီလာခံများကို နှစ်စဉ်ကျင်းပ၍ စာတမ်းများဖတ်ကြားတင်ပြဆွေးနွေးကြသည်။ သုတေသနပြုတွေ့ရှိချက်ရလဒ်ကောင်းများကို လက်တွေ့နယ်ပယ်တွင် အသုံးပြုလျက်ရှိသည်။

နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခန်းမ၌ ကျင်းပသည့် သုတေသနညီလာခံတွင် စိုက်ပျိုးရေးဆိုင်ရာ သုတေသနစာတမ်း ၁၉စောင်၊ သစ်တောဆိုင်ရာ သုတေသနစာတမ်း ၁၇စောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနစာတမ်း ၁၈စောင်တို့ကို ဖတ်ကြားလျက်ရှိသည်။ သုတေသနစာတမ်းများကို တင်ပြဆွေးနွေးရုံသာမက ရလဒ်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်ရာ ပညာရှင်များအနေဖြင့် စဉ်ဆက်မပြတ် သုတေသနပြု၍ ရလဒ်ကောင်းများကို ရှာဖွေဖော်ထုတ်ပေးခြင်း၊ လက်တွေ့နယ်ပယ်တွင် အသုံးချခြင်းတို့ဖြင့် ကဏ္ဍအလိုက် ထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြောက်ဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီးစိုက်ပျိုးရေးပညာပေးစခန်း၌ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေနှင့် မြေပြုပြင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လောကနန္ဒာစေတီတော်အနီး၌ သာသနာ့ဗိမာန်တည်ဆောက်မည့်မြေနေရာ ပြုပြင်ထားမှုအခြေအနေနှင့် သစ်သားတံတားအစား သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မကျည်းမြိုင်ရပ်ကွက် ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အများသုံးရေတွင်း အဆင့်မြှင့်တင်ရေးနှင့် ရေတွင်းရှောင်ကွင်းလမ်း ဖောက်လုပ်နိုင်မည့်အခြေအနေနှင့် ရွှေပြားရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့ မြို့တော်စည်ပင်သာယာဈေးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဦးတော်ဆေးကန်တူးဖော်သည့် လုပ်ငန်းဆောင်ရွက်နေမှု၊ ခေဝတီ ဂေါက်ကွင်းနှင့်အသစ်ဖောက်လုပ်လျက်ရှိသော ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် သင်တန်းသားများ လှိုင်သာယာစက်မှုဇုန်၌ လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းသားများ၏ လေ့လာရေးခရီးစဉ် ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းက စက်မှုဇုန်အတွင်း အကောင်အထည်ဖော် လည်ပတ်လျက်ရှိသော စက်ရုံများ၏ အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍လေ့လာရေးအဖွဲ့ သင်တန်းသားခေါင်းဆောင်က လေ့လာရေးခရီးစဉ် အထိမ်းအမှတ်အလံများကို စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သို့ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၄၉)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား CNMC ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်အား China Non- Ferrous Metal Mining & Construction (Group) Co., Ltd. (CNMC) ဥက္ကဋ္ဌ Mr. Luo Tao နှင့် အဖွဲ့သည် ဒီဇင်ဘာ ၇ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ China Non-Ferrous Metal Mining & Construction(Group) Co., Ltd. (CNMC) ဥက္ကဋ္ဌက တကောင်းတောင်နီကယ်စီမံကိန်းနှင့်စပ်လျဉ်း၍တည်ဆောက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား သွယ်တန်းရရှိမည့် အစီအစဉ်၊ စက်ပစ္စည်းများ တင်သွင်းခွင့်နှင့် စီမံကိန်း (Project) အတွက် ပညာရှင်များ နေထိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံ မီးသတ် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အမှတ်(၅) ဗဟိုလမ်းရှိ STAR CAR SERVICE CENTRE၌ ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပသော အခြေခံမီးသတ်သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား ၄၂ဦးတို့အား တာဝန်ခံမန်နေဂျာ ဦးထွန်းထွန်းလင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ သုတရိပ်မြုံ စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်များမှ ပထမအကြိမ်အဖြစ် ငွေကျပ်ငါးသိန်းကို လှူဒါန်းရာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာ လက်ခံစဉ်။

(မြို့နယ်ပြန်/ဆက်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ်ရေးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၄)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၄)၊ အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၇)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ဝါး) အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲတွင် ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချို့ထွန်းအောင် တက်ရောက်အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းတွင် သင်တန်းသူ ၆၁ ဦး အောင်မြင်ခဲ့ကြသည်။ (သတင်းစဉ်)

ရသေ့တောင်မြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် အလိုတော်ပြည့်ကျောင်းတိုက် (တာမွေ)၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန်နှင့် အသက် (၇၅) နှစ်အထက် အသင်းသူ၊ အသင်းသားများ၏ မိသားစုဝင်များနှင့် ၂၀၀၇-၂၀၀၈၊ ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူများနှင့်အတူ ဦးလှထွန်းစိန် ဖုန်း-၅၆၁၂၄၈၊ ဦးလှထွေးအောင် ဖုန်း-၅၃၈၄၅၉၊ ဦးအောင်စံကျော် ဖုန်း- ၆၅၁၀၇၂နှင့် ဦးသန်းနိုင် ဖုန်း-၆၆၄၈၃၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မီး သတိပြု

ယနေ့လူငယ်၊ နောင်ဝယ်အင်အားဆိုသကဲ့သို့ လူငယ်များသည် နိုင်ငံ၏အနာဂတ်အင်အားများဖြစ် စာနယ်ဇင်းများသည် နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ကို ထိန်းညှိပေးရန် လိုအပ်သကဲ့သို့ ပြည်သူများကိုလည်း မှန်ကန်သည့် အတွေးအခေါ် အယူအဆများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးရမည့်တာဝန်ရှိ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာနယ်ဇင်းပညာသင်တန်း သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအားပေး

ရန်ကုန် ဒီဇင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ခန်းမ၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်လျက်ရှိသည့် စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၀၉) သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအားပေးရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

တွေ့ဆုံအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး ဖွင့်လှစ်သည့် စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၀၉) သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံအားပေးရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ နိုင်ငံတကာ၏ ကဏ္ဍအသီးသီးကို ကြည့်ပါက လူငယ်များ နေရာယူဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယနေ့လူငယ်၊ နောင်ဝယ်အင်အား ဆိုသကဲ့သို့ လူငယ်များသည် နိုင်ငံ၏ အနာဂတ်အင်အားများ ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အင်အား ဆိုသည်မှာ မရှိမဖြစ် အဓိကလိုအပ်ကြောင်း၊ ယနေ့ကမ္ဘာတွင် နိုင်ငံပေါင်း ၂၀၀ကျော်ရှိနေပြီး နယ်မြေအကျယ် အဝန်းနှင့် လူဦးရေအချိုးအစားပေါ် မူတည်၍ အရွယ်အစား ကွဲပြားကြောင်း၊ သို့သော် နိုင်ငံတိုင်းသည် အချုပ်အခြာ အာဏာပိုင်ဆိုင်သော လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အင်အားများကို တည်ဆောက်ကြရကြောင်း၊ ယင်းအင်အားများမှာ စီးပွားရေးအင်အား၊ စည်းရုံးရေးအင်အားနှင့် ကာကွယ်ရေးအင်အား တို့ဖြစ်ကြောင်း၊ ယင်းအင်အားသုံးရပ်ကို ခိုင်မာအောင်တည်ဆောက်၍ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နေကြခြင်းဖြစ်ကြောင်း၊ ၎င်းအင်အားသုံးရပ်အပြင် နိုင်ငံတကာ၏ အထောက်အကူအားကိုလည်း တစ်ဖက်က ရယူရပ်တည်ကြရကြောင်း၊ ထိုသို့သော အားလေးအားနှင့် ပြည့်စုံမှသာ အင်အားကြီးနိုင်ငံများ၏ ခြယ်လှယ်စွက်ဖက်မှုများကို ဟန့်တား ချေဖျက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၌ လူငယ်များ၏ အရေးအတွက်နှင့် အရည်အချင်း အချိုးညီ ပေါင်းစပ်နိုင်မှသာ ယင်းသို့သော စစ်မှန်သည့်အင်အားများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ သို့သော်အရေအတွက်နှင့် အရည်အချင်းရှိသော လူငယ်အင်အားများ ရှိသည်ဆိုရုံမျှဖြင့် မလုံလောက်ဘဲ ယင်းလူငယ်များကိုယ်တိုင်က မိမိတိုင်းပြည်နှင့် လူမျိုးကိုချစ်သော မျိုးချစ်စိတ် အခြေခံရှိရန်ပါ အထူးလိုအပ်ကြောင်း။

သတင်းစာ၊ဂျာနယ်များကြည့်ရှု

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၃/၂၀၀၉) သင်တန်းသား၊ သင်တန်းသူများ ထုတ်ဝေထားသည့် သတင်းစာ၊ဂျာနယ်များနှင့် မှတ်တမ်းခေတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မဏ္ဍိုင်ကြီး သုံးရပ်ကိုထိန်းညှိ

ယနေ့အချိန်သည် မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်လာစေရန် အသွင်ကူးပြောင်း လျှောက်လှမ်းနေချိန်ဖြစ်ကြောင်း၊ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီးသုံးရပ်သည် မရှိမဖြစ် လိုအပ်သော မဏ္ဍိုင်ကြီးများဖြစ် ကြောင်း၊ အလားတူပင် စာနယ်ဇင်း၊ တစ်နည်းအားဖြင့် စတုတ္ထမဏ္ဍိုင်ဆိုသည်မှာလည်း အရေးပါသည့် အခန်းကဏ္ဍတစ်ရပ် အဖြစ်ပါဝင်ကြောင်း၊ သို့သော်လည်း ဤမျှဖြင့် ပြည့်စုံလုံလောက်ပြီဟု မယူဆနိုင်သေးကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံးသော ပြည်သူဆိုသည့် ပဉ္စမ မဏ္ဍိုင်ကိုလည်း ထပ်မံထည့်သွင်းသင့်သည်ဟု ယူဆကြောင်း၊ စာနယ်ဇင်းများသည် အထက်ဖော်ပြပါ မဏ္ဍိုင်ကြီး သုံးရပ်ကို ထိန်းညှိပေးရန် လိုအပ်သကဲ့သို့ ပြည်သူများကိုလည်း မှန်ကန်သည့်အတွေးအခေါ် အယူအဆများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးရမည့် တာဝန်ရှိသေးပါကြောင်း။

အစွန်းမရောက်သော အမျိုးသားအကျိုးစီးပွား

လွန်ခဲ့သော ရာစုနှစ်များကို ပြန်လည်သုံးသပ်ပါက ကမ္ဘာ့နိုင်ငံများသည် ဝါဒရေးကိုသာ အဓိကအခြေခံ ခဲ့ကြကြောင်း၊ ယနေ့နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့နိုင်ငံများက မူဝါဒရေးဆိုသည်ကို ကိုင်စွဲမထားကြတော့ဘဲ အမျိုးသားရေးအကျိုးစီးပွားကိုသာ ရှေ့တန်းတင်လာကြကြောင်း၊ မိမိနိုင်ငံ၏ အမျိုးသား အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ပထမဦးစားပေး သတ်မှတ်လာကြကြောင်း၊ သို့သော်လည်း ကမ္ဘာ့သမိုင်းတွင် အစွန်းရောက်သော အမျိုးသားအကျိုးစီးပွားစိတ်ဓာတ်ကို အခြေခံသဖြင့်ပျက်စီးခဲ့ကြသော နိုင်ငံများကိုလည်း သင်ခန်းစာအဖြစ်တွေ့နိုင်သေးကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့် အစွန်းမရောက်သော အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုသည့် အခြေခံစိတ်ဓာတ် ရှိရန်လိုကြောင်း။

အမျိုးသားအကျိုးစီးပွား ဘက်တော်သား

ယနေ့သင်တန်းသား၊ သင်တန်းသူ လူငယ်များသည် စာနယ်ဇင်းမီဒီယာ သမားများဖြစ်ကြသဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများ ဖြစ်လာကြစေလိုကြောင်း၊ တစ်ချိန်က မိမိနိုင်ငံ၏ စာနယ်ဇင်းသမိုင်းကြောင်းအား ပြန်ကြည့်ပါက ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အချိန်ကာလသည် လွတ်လပ်သော စာနယ်ဇင်းခေတ်ဟု ဆိုကြကြောင်း၊ သို့သော်လည်း ထိုခေတ်စာနယ်ဇင်းများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ မူဝါဒစွဲနှင့်ငွေကြေး အရင်းအနှီး အမြတ်အစွန်းများပေါ်တွင်သာ အခြေခံခဲ့ကြသဖြင့် လွတ်လပ်သော စာနယ်ဇင်းဆိုသည်ထက် ကျင့်ဝတ်နှင့် အထိန်းအကွပ်မရှိသော စာနယ်ဇင်းများ ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် အနာဂတ် စာနယ်ဇင်းများအတွက် အမျိုးသား အကျိုးစီးပွားဘက်တော်သား စာနယ်ဇင်း သမားကောင်းများဖြစ်လာရန် အထူး လိုအပ်သည်ဟု မှာကြားရခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည်နှင့်အညီ အရည်အသွေးမြင့်မားရေးသည်လည်း အထူးလိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော် အကြီးအကဲက အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးထူထောင်ရန် လမ်းညွှန်ထားခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍လူတိုင်း လက်လှမ်းမီသော ပညာရေးစနစ်ကို တည်ဆောက်ပေးနေပါကြောင်း၊ ပညာသင်ယူနိုင်သည်နှင့်အမျှ လူ့အဖွဲ့အစည်း၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးမှု၊ ဗဟုသုတ ကြွယ်ဝမှု၊ ကျွမ်းကျင်မှုတို့ပေါင်းစပ်ပြီး အရည်အသွေးမြင့်မားမှုဆိုသည်ကိုလည်း ရရှိလာမှာဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိတိုင်းပြည်နှင့်လူမျိုးကိုချစ်ပြီး အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသား၊သင်တန်းသူများ ထုတ်ဝေထားသည့် သတင်းစာ၊ ဂျာနယ်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတာစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ကြားညှပ်သီးနှံ့ဝဥပင်
၈း၁၅	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	'ကိုယ်စိန်နဲ့ကိုယ်ဝန်ဆောင်မိခင်'
၈း၄၀	၉။	International News
၈း၄၅	၁၀။	အကပဒေသာ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၂း၃၀	၁။	**(၂၅)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်အင်ဒိုနီးရှား)**
၄း၁၅	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၀	၇။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅း၂၀	၈။	အတီးပြိုင်ပွဲ
၅း၃၅	၉။	မြန်ပြည်တစ်လွှားလမ်းတံတားများ
၅း၄၀	၁၀။	သက်တံရောင်သံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ "ဈေးသည်"(အပိုင်း-၃) (မိုးမိုး၊သူရလင်း၊ညီထက်၊ သဇင်၊ ယမင်းမြင့်သိန်း၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၁၄။	ထူးဆန်းထွေလာများကိုသိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလောင်းရိပ်" (အပိုင်း-၁၉)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၈၁)**
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၂)**
	၂၁။	အစီအစဉ်ပြီး၏။

အစ္စရေး၏ မောင်းသူမဲ့လေယာဉ် ရုရှားဝယ်မည်

တဲလ်အဗစ် ဒီဇင်ဘာ ၉

ရုရှားနိုင်ငံသည် အစ္စရေးထံမှ ဒုတိယအကြိမ် လက်နက်များဝယ်ယူရန် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိသော မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်များကို ဝယ်ယူမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှ အင်္ဂါနေ့တွင် သိရှိရသည်။ အစ္စရေးလေယာဉ် ထုတ်လုပ်ရေးလုပ်ငန်း(အိုင်အေအိုင်)နှင့် ချုပ်ဆိုမည့် စာချုပ်အသစ်အရ အမေရိကန်ဒေါ်လာသန်း ၁၀၀ဖိုးဝယ်ယူမည်ဖြစ်ကြောင်း၊ ဧပြီ လတွင် ကနဦးထုတ်ပြန်ကြေညာခဲ့စဉ်က ဒေါ်လာသန်း ၅၀ဖိုးဝယ်ယူမည်ဟုဖော်ပြခဲ့ကြောင်းသိရသည်။

ရုရှားနိုင်ငံသည် ၎င်း၏ မောင်းသူမဲ့ လေယာဉ်အုပ်စု၏ စွမ်းရည်ကို သုံးဆမြှင့်တင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အစ္စရေးတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ တနင်္လာနေ့တွင် ပြောကြားသည်။

စဉ်းစား

အဆိုပါလေယာဉ်များပေါ်တွင် အဆင့်မြင့် ထောက်လှမ်းရေးပစ္စည်းကိရိယာများ တပ်ဆင်ရန်လည်း ထိုစာချုပ်၌ အလေးအနက်ဖော်ပြမည်ဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

အိုင်အေအိုင်က သဘောထားထုတ်ပြန်ရန်ငြင်းဆိုသည်။

အင်တာနက်။



အစ္စရေးနိုင်ငံလုပ် မောင်းသူမဲ့ လေယာဉ်ကို ဒီဇင်ဘာ ၈ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်း ပူးပေါင်းစစ်ဆင်ရေးဆင်နွှဲ တာလီဘန်စစ်သွေးကြွ ၁၁ ဦး သုတ်သင်ခံရ

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း တည်ငြိမ်မှုမရှိသော ဟဲလ်မန်း ပြည်နယ်တွင် ဒီဇင်ဘာ ၈ ရက်က အမေရိကန်နှင့် အာဖဂန် ပူးပေါင်းစစ်ဆင်ရေးလုပ်ငန်း၏ ပဥ္စမမြောက်နေ့ တစ်ရက်တည်းမှာပင် တာလီဘန် စစ်သွေးကြွ ၁၁ ဦး သေဆုံးကြောင်း တောင်ပိုင်းဒေသရှိ အာဖဂန်တပ်ဖွဲ့ တပ်မှူးက ပြောကြားသည်။

ယင်းနေ့ စောစောပိုင်းက နော်ဇတ်ခရိုင်၌ စစ်ဆင်ရေးအတွင်း သူပုန် ၁၁ဦးကို သုတ်သင်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီး ရှာမိုဟာမက်ဇာဗိုင်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွငါးဦး ဒဏ်ရာရရှိပြီး လေးဦးကို ဖမ်းဆီးရမိကြောင်း ပြောကြားသည်။ တပ်ဖွဲ့ဝင်များ သေကျေ ဒဏ်ရာရရှိခြင်းမရှိဟု ဆိုသည်။

တာလီဘန်များ ပုန်းခိုရာနေရာမှ လက်နက်ကြီး နှစ်လက်၊ ရိုင်ဖယ် ၁၀လက်၊ မိုင်းဗုံး ၂၀၀ ကျော်နှင့် ပေါက်ကွဲစေသည့် ပစ္စည်း ကီလိုဂရမ် ၁၀၀ခန့် ရှာဖွေတွေ့ရှိကြောင်း ဇာဗိုင်းက အခိုင်အမာပြောကြားသည်။

အင်တာနက်။

မြောက်ဝါဇီရစ္စတန်၌ မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက် လူသုံးဦးသေ

ပက်ရှ်ဝါ ဒီဇင်ဘာ ၉

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဥပဒေမဲ့ဖြစ်နေသော မျိုးနွယ်စုဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

မြောက်ဝါဇီရစ္စတန်ဒေသ အရှေ့တောင်ပိုင်း ၁၂ ကီလိုမီတာအကွာရှိ အက်ပေါလ်ဂါရွာတွင် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းကဒုံးကျည်များကျရောက်ပေါက်ကွဲခဲ့သည်ဟု ပါကစ္စတန်လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။ ကား တစ်စီးကို ဒုံးကျည်နှစ်စင်းထိမှန်ခဲ့ရာ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရသိရှိရသည်။

အမေရိကန်တို့သည် အယ်လ်ခိုင်ဒါခေါင်းဆောင်များပုန်းခိုနိုင်သည်ဟု ယူဆရသောနေရာများကို မောင်းသူမဲ့ လေယာဉ်များဖြင့် ပုံမှန်တိုက်ခိုက်လျက်ရှိသည်။

မောင်းသူမဲ့ လေယာဉ်များဖြင့် ပါကစ္စတန်နယ်စပ်ဒေသများကို တိုက်ခိုက်နေခြင်းနှင့်ပါကစ္စတန်လေကြောင်းပိုင်နက်အား အမေရိကန်တို့ ကျူးကျော်ခြင်းတို့အတွက် ပါကစ္စတန်နိုင်ငံ၌ မကြာခဏ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အင်တာနက်။

ယီမင် စစ်လေယာဉ် ပစ်ချခံရ

အမ်းရမ်(ယီမင်) ဒီဇင်ဘာ ၉

ယီမင်နိုင်ငံမြောက်ပိုင်း အမ်းရမ်ပြည်နယ်တွင် ခြေကုပ်ယူထားသော ဟူသီသူပုန်စခန်းများကို တိုက်ခိုက်လျက်ရှိသော ယီမင်စစ်လေယာဉ်တစ်စင်း ပစ်ချခံရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ ယီမင်မြို့တော် ဆာနား၏ မြောက်ဘက်မိုင် ၈၀အကွာ ကိုင်ဝမ်မြို့အနီးတွင် စစ်ဘက်လေယာဉ်တစ်စင်းကို တနင်္လာနေ့ ညနေပိုင်းတွင် ပစ်ချခဲ့ခြင်းဖြစ်သည်။

ယီမင်အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်တို့အကြား ဖြစ်ပွားနေသော တိုက်ပွဲများသည် ၂၀၀၄ခုနှစ်၌ စတင်ခဲ့သည်။ မြောက်ပိုင်း ဆာဒါပြည်နယ်တွင် ယီမင်ကြည်းတပ်က စစ်ဆင်ရေးစတင်ချိန်မှစ၍ ဩဂုတ်လတွင် စစ်ရေးပဋိပက္ခ အရှိန်မြင့်လာခဲ့သည်။

အင်တာနက်။

အာဖဂန်အရှေ့ပိုင်း၌ အမေရိကန်တပ်ဖွဲ့များတိုက်ခိုက် အပြစ်မဲ့ အရပ်သား ၁၅ ဦးသေဆုံး

ကဘူး ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်အရှေ့ပိုင်း လက်ဂမန်ပြည်နယ်တွင် လူနေအဆောက်အအုံတစ်လုံးကို အမေရိကန်တပ်ဖွဲ့များက ညအချိန်ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ ၁၂ ဦး သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

မွှေနှောက်ခဲ့

လက်ဂမန်ပြည်နယ်မြို့တော် မာသာလန်မ်ရှိ လူနေအိမ်တစ်လုံးကိုအမေရိကန်တပ်ဖွဲ့ ဝင်များက တနင်္လာနေ့ညတွင် ဝင်ရောက် မွှေနှောက်ခဲ့ကြခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုတွင် အမျိုးသမီးများ၊ ကလေးများနှင့် အာဖဂန်နိုင်ငံသားအပါအဝင် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့သည်။

အဆိုပါဖြစ်ရပ်ကို ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက အတည်ပြုသော်လည်း သေဆုံးသူများ မည်သူမည်ဝါဖြစ်ကြောင်း မပြောကြားပေ။ ၎င်းတို့သည် မည်သည့်အတွက် တိုက်ခိုက်ခံရကြောင်း၊ အသတ်ခံရကြောင်း ပြောကြားနိုင်ခြင်းမရှိပေ။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က မည်သည့်သဘောထားကိုမျှ ထုတ်ပြန်ခြင်းမပြုပေ။

အင်တာနက်။

အာဖဂန်နစ္စတန် တပ်ဖွဲ့များအတွက် အစိုးရက လစာပေးနိုင်စွမ်း မရှိဟုဆို

ကဘူး ဒီဇင်ဘာ ၉

အာဖဂန်အစိုးရသည် မိမိ၏ လုံခြုံရေးတပ်ဖွဲ့များအတွက် ကုန်ကျစရိတ်များကို လာမည့် ၁၅ နှစ်တာကာလပတ်လုံး ကျခံသုံးစွဲနိုင်စွမ်းရှိမည်မဟုတ်ကြောင်း သမ္မတဟာမစ်ကာဇိုင်းက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအတွက် ဘဏ္ဍာငွေဆက်လက်ထောက်ပံ့ပေးမည်ဟု မျှော်လင့်ကြောင်း မစ္စတာကာဇိုင်းက ပြောကြားသည်။

အာဖဂန်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့ဝင်အင်အားကို ၂၀၁၃ခုနှစ်တွင် အင်အား ၄၀၀၀၀၀ အထိဖြည့်တင်းရန် အမေရိကန်က လိုလားသော်လည်း မိမိတို့အနေဖြင့် ၎င်းတို့ကို လစာပေးနိုင်စွမ်းရှိမည်မဟုတ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

သမ္မတဘားရက်အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၃၀၀၀၀ကို ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း ကြေညာပြီးရက်သတ္တတစ်ပတ်အကြာတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် မကြေညာဘဲ ကဘူးမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု အဆက်မပြတ်ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၆၆၄ ဦး ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ၁၂၆၂၈၆၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအီရတ်ပြည်သူများ	၆၉၉၆၆၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၂၈၆၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဒီဇင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဒီဇင်ဘာ ၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၈၁ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၀၈၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၃၈၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၈၃ ဦး

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အသားတိုးကြက် ထုတ်လုပ်မွေးမြူ ရောင်းချသူများအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✱ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားကြပြီးအသင်းအတွင်းရေးမှူးက နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား၍ အတည်ပြုချက် ရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများကိုပေးအပ်ရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လှူမိတ်ဆွေ

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၀၉ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်အတွဲ (၃၆)၊ အမှတ် (၁၃)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် စာပေပညာရှင်ကြီးများဖြစ်သည့် ပါရဂူ၊ ဓေ့မောင်၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာကျော်စိန်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဒေါက်တာအောင်မြင့်ဦး(မြန်မာစာ)၊ မောင်မြင့်ကြွယ်၊ ကျော်စိန်ညွန့်၊ ကျော်ရှင်း၊ အောင်ချိန်ဘွား၊ တက္ကသိုလ်မိုးမြင့်၊ မြင့်လွင်(ဂျပန်ဘာသာ)၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ ဝင်းကိုမြင့်၊ စိုးသီဟနောင်၊ အငြိမ်းစားပါမောက္ခတစ်ဦး၊ မှူးခင်(ရွှေပြည်သာ)၊ မြင့်ဦးမောင်၊ ကေကေ (မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်ကျေးဇူး၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ စိုးစိုး(ပန်းတောင်း)၊ မောင်လှိုင်းသစ်၊ မောင်မောင်မြင့်(စက်မှုတက္ကသိုလ်)၊ စိန်ဝင်းနွယ်၊ ဒေါက်တာမြင့်သန်း(သန္ဓေသား)၊ စိန်ဝင်းမော်၊ မောင်မီးအိမ်၊ ဒေါက်တာလွှမ်းမိုးဟန်၊ ခင်စောတင့်၊ မမကြီး၊ သူဇာတို့၏ ဘာသာပြန်ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများဖြစ်သည့် အာဆီယံနိုင်ငံများ၏ လေကြောင်းလိုင်းများ၊ လပေါ်သို့လူသားများဆင်းသက်ခဲ့သည့် အနှစ်(၄၀)မြောက်အခမ်းအနား၊ စာအုပ်နှင့် စာရေးဆရာ၊ ဈေးကွက်မှာ အရောင်းတက်နေသော ကစားစရာအရုပ်ကလေးများ၊ ဖခင်များသိထားရမည့် ကလေးတို့အကြောင်း၊ ကျန်းမာရေးစိတ်ပညာ၊ ရှစ်မြွှာပူးမွေးကြမယ်၊ ဖခင်တစ်ဦး၏ဆုံးမစကား၊ ဂန္ထဝင်အသက်(၄၀)၊ ပိုင်းစိတ်ပြီး အနိုင်ယူပါ၊ ပြောဟန် ပြောင်းရွှေ့ခြင်း၊ အရယ်ရဆုံးဟာသများ၊ သင်လက်ကိုင်ဖုန်းသုံးနေသလား၊ နိုင်ငံတကာသတင်းမှတ်စု၊ ဆိုမာလီပင်လယ်ဓားပြများ၊ အင်္ဂလိပ်စကားပုံ၊ ဝေါဟာရကြွယ်ဝပါစေ၊ ဖွံ့ဖြိုးဝေစည်အတွေးများ၊ ဝေါဟာရဉာဏ်စမ်းပဟေဠိ စသည့် သုတ၊ ရသဖြစ်ဖွယ် ဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျ ဘာသာပြန်ကဗျာ၊ သုတတိုထွာ၊ နိုင်ငံတကာမြင်ကွင်း၊ ထူးဆန်းထွေလာ၌မြေကမ္ဘာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်းစသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် အကြောင်းအရာမျိုးစုံ ပါဝင်သည်။

ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၄၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကား ဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကိုနှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း (လှထွန်း-တွံတေး)တို့ သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးဝင်းဖေ (မြဇင်)ကို အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

▼ရှေ့ဖုံးမှ

အသုံးပြုလာစေရန် ဦးဆောင်ကြိုးပမ်းလျက်ရှိသည်။ လာမည့်နှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ဘောလုံးပွဲ ၂၅ ပွဲအထိကို ဆိုနီက သုံးဖက်မြင် ပုံရိပ်ဖော်နည်းပညာဖြင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးခွင့်ရရှိမည်ဖြစ်ပြီး ဖီဖာက ကမကထပြုကျင်းပမည့် အထူးအခမ်းအနားများ၌ ဘောလုံးဝါသနာအိုးများက ကြည့်ရှုခွင့်ရရှိကြမည်ဖြစ်သည်။ ဖီဖာ၏ အထူးအခမ်းအနားကို လာမည့်နှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆစ်ဒနီ၊ ဘာလင်၊ လန်ဒန်၊ မက္ကဆီကိုစီးတီး၊ ပါရီ၊ ရီယိုဒီဂျနေးရိုးနှင့် ရောမမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

ဆိုနီကုမ္ပဏီသည် လာမည့်နှစ်မှစ၍ နေအိမ်သုံး သုံးဖက်မြင်ပုံရိပ်ဖော် ရုပ်မြင်သံကြားစက်များကို ရောင်းချပေးရန်လည်း စီစဉ်ထားသည်။

သုံးဖက်မြင် ပုံရိပ်ဖော်နည်းပညာဖြင့် ရိုက်ကူးထားသော ဗီဒီယို(သို့မဟုတ်) ရုပ်ရှင်ကားများကို ကြည့်ရှုရာတွင် အထူးမျက်မှန်များကို တပ်ဆင်အသုံးပြုနေရဆဲဖြစ်သော်လည်း အထူးမျက်မှန်များ အသုံးပြုရန် မလိုအပ်ဘဲ သုံးဖက်မြင်ပုံရိပ်များကို ကြည့်ရှုလာနိုင်စေရေးအတွက် နည်းပညာအရ အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

မဝေးသောအနာဂတ်တွင် ကမ္ဘာ့အားကစားလောကအတွင်းသို့ သုံးဖက်မြင်ပုံရိပ်ဖော်နည်းပညာ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ဆိုနီကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဟောင်းဝပ်ဒ် စထရင်ဂျားက ပြောကြားသည်။

ဖီဖာနှင့် ရရှိသော သဘောတူညီချက်အရ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဘောလုံးပွဲများကို သုံးဖက်မြင်နည်းပညာအရ ရိုက်ကူးထားပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီးတွင် သရီးဒီ ဗီဒီယိုခွေများကို ဆိုနီက ထုတ်လုပ်ဖြန့်ချိခွင့် ရရှိမည်ဖြစ်သည်။ ဆိုနီကုမ္ပဏီသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တိုက်ရိုက် ရိုက်ကူး ထုတ်လွှင့်ခွင့်ရရှိရေးအတွက်လည်း ဖီဖာနှင့် ဆက်လက်ညှိနှိုင်းနေဆဲဖြစ်သည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံ၌ လာမည့်နှစ် ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ၂၀၁၀ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တည်ဆောက်လျက်ရှိသော အားကစားပြိုင်ပွဲရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

ရန်ကုန် ဒီဇင်ဘာ ၉

၁၃၇၁ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်များအား ယနေ့ နံနက် ၁၀နာရီမှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း (လှထွန်း-တွံတေး)တို့အဖွဲ့သည် တာမွေ၊ တောင်ဥက္ကလာပနှင့် ဗဟန်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခြောက်ဦးတို့အားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သခ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့ အဖွဲ့သည် နံနက် ၁၁နာရီခွဲမှ စတင်၍ ကမာရွတ်နှင့် စမ်းချောင်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခြောက်ဦးတို့အားလည်းကောင်း အိမ်တိုင်ရာရောက် လိုက်လံ၍ တစ်ဦးလျှင် ငွေသားကျပ်၁၅၀၀၀၀နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း နေထိုင်သောကျန်ရှိသည့် မြို့နယ်များမှ စာပေပညာရှင်များအား အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့ သွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ်နေ ဦးတိုးလွင်-ဒေါ်လင်းလင်းသဥ္ဇာဟန်တို့၏ သမီး ဖြိုးဖြိုး၏ ရက်(၁၀၀)ပြည့် မွေးနေ့ အဖြစ် ၄/ဥဇ္ဇနာပိုင်း အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေးနှင့် အပိုင်းတာဝန်ခံ ဦးခင်ထွန်းတို့ထံ ငွေကျပ်တစ်သိန်းကို ဒီဇင်ဘာ ၃ ရက်က လှူဒါန်းစဉ်။ (၆၇)

အထက ကျိုက္ကော် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၉

သထုံမြို့နယ် ကျိုက္ကော် အထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေ ထည့်ဝင်လိုသူများနှင့် ရန်ကုန်မြို့မှ လိုက်ပါမည့်သူများအတွက် ဒီဇင်ဘာ ၂၅ရက်တွင် မီးရထားတွဲ စီစဉ်ထားပြီး ဒီဇင်ဘာ ၂၀ရက်နောက်ဆုံး ထား၍ ဒေါ်ခင်ဝင်း ဖုန်း-၂၂၁၂၄၇၊ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွှမ် ဖုန်း-၂၉၅၅၀၀၊ ဒေါ်ခင်သန်းလတ် ဖုန်း-၂၂၅၉၁၄၊ ဦးဦးမြင့် ဖုန်း-၅၆၂၄၉၂ နှင့် ဦးတင်သန်း (မောင်နီ) ဖုန်း-၆၄၂၀၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ချောင်းဝရှိ စက်မှုလက်မှုအထက်တန်းကျောင်းကို တွေ့ရစဉ်။

◆ ရွှေဖုံးမှ

ဆိုင်ကယ် တစ်ဖုံ၊ ထော်လာဂျီစီး၍ ခရီးမျိုးစုံ၊ ရွာအစုံစုံကို သွားခဲ့ရပေသည်။ နေအိမ်အသစ်များ ပြန်လည် တည်ဆောက်ပေးခြင်း၊ မြို့ကွက်ရိုက်ခြင်း၊ စိုက်ပျိုးရေး၊ ပညာရေး၊ မွေးမြူရေး၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေး၊ ကျန်းမာရေးကိစ္စရပ်များကို ဘက်ပေါင်းစုံ စီစဉ်ဆောင်ရွက်ခဲ့ရပေသည်။ နယ်မြေတာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြ၍လည်း တစ်နှစ်ဆိုသော အတိုင်းအတာအတွင်း အိုးအိမ်၊ ဘုရား၊ ကျောင်းကန်မှအစ စာသင်ကျောင်း၊ ဆေးရုံအဆုံး လမ်းတံတားများအပါအဝင် အလွန်လျင်မြန်စွာ ပြောင်းလဲ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော့်အား ပြောပြခဲ့သော ကျောက်ကလပ်၊ ကုန်းသာယာရွာသူကြီး ဦးစိုးချစ်၏ "အရင်ကနှင့်မတူ အခုတော့ တစ်မူပြောင်းလို့ ပျော်စရာကောင်းလှပါပြီနော်" ဆိုသည့် သီချင်းသံလေးကို ပြန်လည် ကြားယောင်လာခဲ့မိပါသည်။ ကျွန်တော်ပြုံးလိုက်မိပါသည်။ အခု ဘယ်လောက်တိုးတက်နေပြီလည်း ကျွန်တော် ပြန်လည် တွေ့ချင်မြင်ချင်မိပါသည်။

လေပြင်းလေးတစ်ချက် ပြင်းပြင်းလေး တိုက်လိုက်သည်ဟု ထင်ပါသည်။ လှိုင်းလေ အသင့်အတင့် ကြီးလာခဲ့ပါသည်။ သင်္ဘောအနည်းငယ် လှုပ်သွားခဲ့ပါသည်။ ကျွန်တော့်အတွေးများလည်း သင်္ဘောပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ လမ်းတစ်လျှောက်လုံး ဆိုက်ကပ်ခဲ့သော သင်္ဘောသည်လည်း နံနက် ၇ နာရီတွင် ချောင်းဝသို့ ဆိုက်ကပ်ခဲ့ပါသည်။ မှန်ပါသည်။ ယခင်က တွေ့ခဲ့ရသော ချောင်းဝနှင့် လုံးဝမတူအောင် ခြားနားခဲ့ပေသည်။ ချောင်းဝဆိပ် ကမ်းတံတားပေါ်ရောက်သည်နှင့် လမ်းဘေး၊ ဝဲယာမှ P.C.O တယ်လီဖုန်းများ၊ ကုန်မျိုးစုံဆိုင်များ၊ အဝတ် အထည်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်စသည်ဖြင့် စုံလှပါသည်။ မိတ်ဟောင်းဆွေဟောင်းများကိုလည်း နှုတ်ဆက်ရပါသေးသည်။ သူတို့အားလုံးရဲ့မျက်နှာမှာ အပြုံးတွေ ကိုယ်စီနှင့်ပါ။

ယခင်ကနှင့်မတူတာ အမှန်ပင်ဖြစ်ပါသည်။ လမ်းဘေးဝဲ၊ ယာ လမ်းကြားမှအစ အိမ်များအားလုံးသစ်လွင် တောက်ပခဲ့လေပြီ။ ယခင် ငါးလခန့်က လာတုန်းကနှင့် လုံးဝမတူအသွင်ထူး၍ လှပနေခဲ့ပေပြီ။ ရွာလမ်းမကြီးလည်း ယခင်က ၁၈ ပေခန့်သာရှိပေမည်။ ယခု ၂၄ ပေအကျယ်နှင့် ချိုင့်ကွက်၊ ဗွက်၊ ရေအိုင်များ လုံးဝမရှိဘဲ ညီညာစွာဖို့လို့ ဘေးဝဲ၊ ယာ စည်းရိုးများသည်ပင် ဝါးထရံကွက်ကျားထုံးဖြူဖြူဖွေးလို့ လွန်စွာပင် ပနံရလျက်ရှိပါသည်။ ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ပင် မဟုတ်ပါလား။ ဒါကြောင့်မို့ထင်ပါသည်၊ လမ်းဘေးဝဲ၊ ယာတွင် ရွာအထွက်ထိ ဝါးနှင့်သပ်ရပ်စွာ ထောင်ထားသော ဆီမီးတိုင်ခွက်လေးများက မျက်စိတစ်ဆုံးပင်။ ထို့အတူ ရွာသားများ၏ အပြုံးကလည်း ဤယနေ့အဖို့ အလွန်ကျက်သရေရှိလှသည်ဟု ကျွန်တော် ထင်မိပါသည်။ လမ်းလျှောက်ရင်း တွေ့ရပါသည်။ ယခင်နာဂစ်ဖြစ်စဉ် ပြိုပျက်ခဲ့သော အထက ချောင်းဝ၏ ကျောင်းဆောင်ဟောင်းလေးနေရာတွင် ရွှေသံလွင်ကုမ္ပဏီက တည်ဆောက်ထားသော နှစ်ထပ် RC ကျောင်းဆောင်သစ်ကြီး ယခုတော့ စက်မှုလက်မှု အထက်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပေသည်။ မကြာမီ စက်မှုလက်မှုပညာရှင်လေးများကို မွေးထုတ်နိုင်တော့ပေမည်။ ထို့အတူ ပိုမိုထူးချွန်သူများလည်း အဆင့်မြင့် အင်ဂျင်နီယာဘာသာရပ်များကို ဆက်လက်ပေါင်းကူး သင်ကြားနိုင်မည် ဖြစ်ပြီး ဤနေရာ ဤဒေသအတွက် အဖိုးမဖြတ်နိုင်ဘဲ လူသားအရင်းအမြစ် ဖြစ်သော အင်ဂျင်နီယာလေးတွေ ပေါ်ပေါက်လာတော့မည်ဖြစ်ပါသည်။

အမှန်တော့ ဧရာဝတီတိုင်းသည် မြန်မာပြည်၏ အနောက်တောင်ဘက်တွင် တည်ရှိသော ထမင်းအိုးတစ်ခုပင် ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသော မြစ်ဝကျွန်းပေါ်ဒေသပင် ဖြစ်ပါသည်။ မြစ်ချောင်းအင်းအိုင်များ၊ မြေနုကျွန်းပေါ်များ၊ ပင်လယ်ပြင်နှင့် တစ်ဆက်စပ်တည်း စုပေါင်းသဘာဝ အရင်းအမြစ်များသည် အဖိုးမဖြတ်နိုင်သော သဘာဝ၏ သယံဇာတများပင် ဖြစ်ပါသည်။ ဤဒေသမှ တောင်သူ၊ ဆားလုပ်ငန်း၊ ရေလုပ်ငန်းရှင်များသည် ရိုးသား၍ ပွင့်လင်းကြပြီး မိမိအိမ်၊ စက်ယန္တရားလက်မှု ရေတုံကင်၊ စက်တပ်လှေ ပြုပြင်မှုမှအစ အိမ်တွင်းမှုလုပ်ငန်းအားလုံးကို အဆင့်ဆင့်သော ငပုတော၊ လပွတ္တာ၊ ပုသိမ်မြို့ကြီးများမှ သိကျွမ်း၊ တတ်ကျွမ်းသူများနှင့် စရိတ်ကုန်၊ ငွေကုန်ဖြင့် ခေါ်ယူတည်ဆောက်ရပေသည်။ ယခုနိုင်ငံတော်၏ ကျေးဇူးကြောင့် အခြေခံအစ စက်မှုလက်မှုအထက်တန်းကျောင်းတွေ ပေါ်ပေါက်ခဲ့လေပြီ။ ဤမှစ၍ ပေါင်းကူးအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ ဒေသခံများစွာ ဖြစ်ထွန်းလာဦးမည်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ဤကျောင်းမှအစ ဒေသတစ်ခုလုံး၏ စားဝတ်နေရေးတွင်လည်း များစွာတိုးတက်လာဦးမည် ဖြစ်ပါသည်။ ကျွန်တော်ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

ကျွန်တော်တို့အဖွဲ့သည် ချောင်းဝမှ ထွက်လာရာ ယခင်သပြေငူ၊ ယခု ကံထူးသာယာကျေးရွာသစ်၊ အိမ်ခြေ ၅၀ သို့ ရောက်ခဲ့ပါသည်။ ယခင်က လမ်းဘေးကွင်းလွင်ပြင်မှာ အိမ်ကလေးတွေ တန်းစီလို့ဖြစ်ပါသည်။ ယခုတော့ ပန်းမျိုးစုံ၊ စားပင်၊ သီးပင်၊ အရိပ်ရအပင်များနှင့် စိမ်းစိုလှပနေသော ရွာလေးဖြစ်နေခြေပြီ။ တစ်ပိုင်တစ်နိုင်မှသည် ဈေးကွက်ဆီသို့ဟူသော ဆောင်ပုဒ်အတိုင်း ဆောင်ရွက်နိုင်ကြပါသည်။ ရွာထိပ်က မူလတန်းကျောင်းမှာ နှစ်ထပ် RC ဖြစ်ပြီး ရွာနှင့်အတူ ခံ့ညားလှပပေသည်။ နောင်ဖြစ်လာမည့် လေဘေးအတွက် ဤတစ်ရွာလုံး ခိုအောင်းနိုင်သော နေရာကောင်းပင် ဖြစ်ပါသည်။ ရွာအရှေ့ဘက် စပါးကွင်းမှာလည်း ပြင်ခရိုင်ထိ တစ်ဆက်စပ်တည်း စိုပြည်လျက်၊ ဝင်းမှည့်လျက် စပါးတောင်လို ပုံနေခဲ့ပါသည်။ ရွှေသံလွင်ကုမ္ပဏီက ဆောက်လုပ်နေသော Cyclone Shelter လေမိုးဒဏ်ခံ လူ ၅၀၀ ဆံ့ အဆောက်အအုံကြီးကို စပါးခင်းများရဲ့အလယ်တွင် ဆောက်လုပ်စ ထည်ဝါခံ့ညားစွာဖြင့် တွေ့မြင်လိုက်ရပါသည်။ ချောင်းဝနှင့်လည်း နှစ်မိုင်ခန့်ပင်ရှိ၍ နောင်နာဂစ်ဖြစ်လာခဲ့လျှင် ဤဆိုင်ကလုံးရှက်တာက ဤကျေးရွာလူအားလုံး၏ အသက်ကို ကာကွယ်ပေးပါလိမ့်မည်။ ဆိုင်ကလုံးရှက်တာတစ်ခု၏ အင်္ဂါရပ်များတွင် ရေကန်၊ ရေကာတာ၊ လေမိုးဒဏ်ခံ အဆောက်အအုံအားလုံး ပါဝင်ပေသည်။

နိုင်ငံတော်က သေချာစွာတွက်ချက်၍ ပုံစံဒီဇိုင်းရေးဆွဲ ဆောက်လုပ်ထားခြင်းကြောင့် မိုးဒဏ်၊ လေဒဏ်၊ ရေဒဏ်များကို အကာအကွယ်ပေးသွားမည်ဖြစ်ပါသည်။ လူ ၅၀၀ ဆံ့ ဆိုင်ကလုံးရှက်တာ၏ အချိုးအစားများမှာ အလျား ၁၃၅ ပေ၊ အနံ ၁၃၅ ပေ၊ အမြင့် မြေပြင်မှ ၁၇ ပေ (မြေညီထပ်)၊ ထိုမှ ၁၄ ပေ(ပထမထပ်) တည်ဆောက်ထားပါသည်။ ၎င်းအဆောက်အအုံအား မြေလျှင်ဒဏ်နှင့် ဒီရေတက်ခြင်းတို့မှ ခံနိုင်အောင် ဒီဇိုင်းဆွဲပြီး တည်ဆောက်ထားပါသည်။ ယင်းအဆောက်အအုံအနီးတွင် အဆောက်အအုံကိုကာရန် သက်ကယ်ကုန်းမြင့်နှင့်အတူ ရေကန်ကိုပါ တည်ဆောက်ထားပြီး ၎င်းရေကန်မှာ အရေးပေါ်ကာလတွင် သောက်သုံးရေရရှိရန်နှင့် သက်ကယ်ကုန်းမြင့်သည် ကျွဲ၊ နွားတိရစ္ဆာန်များ သယ်ဆောင်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ယင်းအဆောက်အအုံ ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ပုံမှန်အခြေအနေတွင် စက်မှုလက်မှုအထက်တန်းကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံအဖြစ် ဖွင့်လှစ်နိုင်ရန် တည်ဆောက်ခြင်းဖြစ်ပြီး မုန်တိုင်းတိုက်ခတ်လာပါက လူအများ ခိုနားနိုင်ရန်အတွက် ရှက်တာအဖြစ် အသုံးပြုနိုင်ရန် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။

ဤချောင်းဝ ပြင်ခရိုင်ဒေသတွင် လူ ၅၀၀ ဆံ့ ဆိုင်ကလုံးရှက်တာ နှစ်လုံး တည်ဆောက်လျက်ရှိပေသည်။ အဆောက်အအုံ နှစ်လုံးစလုံး ၂၀၁၀ ခုနှစ် ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့် ပြီးစီးသွားမည်ဖြစ်ပါသည်။ အဆောက်အအုံ၏ ကျယ်ဝန်းမှုကြောင့် ရာသီသုံးခုလုံးတွင် စက်မှုလက်မှုအထက်တန်းကျောင်း၊ စာသင်ကျောင်းများအဖြစ် ဖွင့်လှစ်ပြီး မိုးရာသီတွင် မိုးဒဏ်၊ လေဒဏ်ပြင်းထန်ခဲ့လျှင် မိုးခို၊ လေခို အသက်ကယ်ကျောင်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပေသည်။

ခိုင်မာသော၊ ခိုင်ခံ့သော သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပိုင်ရိုက်၍ အမာခံယူပြီး နိုင်ငံတော်က အရည်အသွေးစစ်အဖွဲ့များဖြင့် စနစ်တကျစစ်ဆေး၍ တည်ဆောက်ထားခြင်းကြောင့်လည်း ဤဒေသနှင့် လွန်စွာတန်ဖိုးရှိ၍ လိုက်ဖက်လှသော ဘက်စုံသုံး အဆောက်အအုံတစ်ခုပင် ဖြစ်ပါသည်။

ရေချိုစုကန်များနှင့် ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းထားသော ရေချို Tank များကို တွေ့ရစဉ်။

လမ်းတစ်လျှောက်လုံး ကျွန်တော် ငေးကြည့်လာခဲ့ပါသည်။ ပြင်ခရိုင်သို့ ရောက်တော့ နံနက် ၁၀ နာရီ ရှိနေပါပြီ။ ပြင်ခရိုင်အဝင်တွင် ယခင်သစ်သားတံတားကိုဖျက်၍ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ဘေလီသံပေါင်တံတားအဖြစ် တည်ဆောက်ရန် လုပ်ငန်းများ စတင်ဆောင်ရွက်နေလေပြီ။ ၂၀၁၀ နှစ်ဆန်းတွင် ပြီးမည်ဖြစ်ပါသည်။ ပြင်ခရိုင်ကျေးရွာဟုပင် သိသော်လည်း မြို့နှင့်မခြားပါလေ။ ညီညာဖြောင့်ဖြူးနေသော ရွာလယ်လမ်းမနှင့် ဘေးဝဲ၊ ယာရှိ ဈေးဆိုင်တန်းများက ဤဒေသ၏ အချက်အချာကျသော နေရာတစ်ခုဟု ဖော်ပြနေလေသည်။ ရေလုပ်ငန်း၊ လယ်လုပ်ငန်း၊ ဆားလုပ်ငန်းတို့၏ လိုအပ်သော ပစ္စည်းမျိုးစုံ၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ ကုန်မျိုးစုံတို့ကို ဤနေရာတစ်ခုတည်းနှင့်ပင် ဝယ်ယူ၍ ရနိုင်ပေသည်။

ဤပြင်ခရိုင်၏ အဝေးဆုံး ကျောက်ကလပ်ကျေးရွာပင် ၁၀ မိုင်မရှိတတ်၊ သို့ဖြစ်၍ ပစ္စည်းဝယ်ယူလိုသူများသည် ဤပြင်ခရိုင်ကျေးရွာတွင် လာရောက်ဝယ်ယူလေ့ရှိကြပြီး ဆိုင်ရာကျေးရွာများတွင် အိမ်ဆိုင်လေးများဖွင့်၍ ပြန်လည်ရောင်းချကြလေပြီ။ ဤပြင်ခရိုင်ကျေးရွာတွင် သင်္ဘောဆိပ်၊ ဆေးပေးခန်း၊ အထက်တန်းကျောင်း၊ ရဲစခန်း စသည့် အဆောက်အအုံအားလုံး အစုံအလင်ပင် ရှိပေသည်။ ထို့အပြင် ပြင်ခရိုင် အထက်တန်းကျောင်းသည်လည်း ဤနယ်မြေ၏ အခြေခံပညာ အထက်တန်းစာစစ်ဌာန တစ်ခုပင်ဖြစ်၍ ဤဒေသ၏ အဓိကနေရာလေးပင်ဖြစ်ပါသည်။ ယခင် နာဂစ်အလွန်နှင့် ယခုပြင်ခရိုင်သည် လွန်စွာခြားနား၍ အသစ်သစ်တို့၏ ဖူးပွင့်ဝေဆာမှုနှင့်အတူ သဘာဝနှင့်အလှချင်းပင် ပြိုင်နေသည်ဟု ထင်နေမိသည်။

ကျွန်တော်တို့အဖွဲ့သည် ပြင်ခရိုင်မှ သာယာကုန်း၊ ဒီဒူးကုန်း ၎င်းမှ ကျောက်ကလပ်၊ ၎င်းမှ ကုန်းသာယာကျေးရွာသစ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိခဲ့ကြပါသည်။ လမ်းတစ်လျှောက်ရှိသော ကျေးရွာလေးများမှာ သစ်လွင်တောက်ပနေသလို မူလတန်းစာသင်ကျောင်းများ အားလုံးလိုလို နှစ်ထပ် RC ကျောင်းများအဖြစ် တည်ဆောက်ပြီး ကျောင်းသားလေးများ၏ စာသင်သံများပင် ကြားနေရပြီဖြစ်ပါသည်။ ကျွန်တော် ဝမ်းသာမိပါသည်။ မုန်တိုင်းကာလအတွက် မိုးဒဏ်၊ လေဒဏ်တော့ ကောင်းစွာခံနိုင်ချေပြီ။ နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာသည် ပြည်သူများအပေါ် ကြီးမားလှပေသည်။ ထို့အတူ လမ်းဘေးဝဲ၊ ယာတွင် အောင်မြင်ဖြစ်ထွန်း သီးပွင့်ရင့်မှည့်နေသော စပါးခင်းများ၊ ခပ်လှမ်းလှမ်းတွင် တွေ့မြင်ရသော ပင်လယ်ပြာနှင့် ကမ်းစပ်၊ အုန်းပင်တန်းများ၊ လမ်း၏ဘေး ဝဲဘက်တွင် တွေ့မြင်ရသော ဆားကွင်းများ၊ ဆားဂိုဒေါင်ကြီးများသည် ယခင်ကလို မဟုတ်တော့။ အချို့မှာ RC သံကူကွန်ကရစ် အဆောက်အအုံကြီးများအဖြစ် ပြောင်းလဲနေခဲ့ပေပြီ။ တစ်နှစ်တာကာလအတွင်း နိုင်ငံတော် ချေးငွေအဖြစ် ဆားရာသီတွင်စခဲ့ပြီး ကြိုးစားမှု၏ ရလဒ်အဖြစ် ဆားအသီးအပွင့်များ တွေ့မြင်လာခဲ့ပေသည်။ အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ ဆားဈေး ဈေးဦးကောင်းခဲ့သဖြင့် ယခုလို အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ချေးငွေများ အရစ်ကျပြန်လည်ပေးဆပ်သည့် အဆင့်သို့ပင် ရောက်ခဲ့ကြလေပြီ။ တစ်ဆက်တည်းပင် ဒီဒူးကုန်းကျေးရွာလေး၏ ငါးဒိုင်တွင်လည်း ပင်လယ်ငါးမျိုးစုံ ငါးသလောက်၊ ပုစွန်များအား ရောင်းဝယ်ခြင်းဖြင့် ပြုံးရွှင်နေသော ရေလုပ်သားများကိုလည်း တွေ့ရှိရပေသည်။ ဩော်. . . စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတို့ဖြင့် ဘဝကို ပီပီပြင်ပြင် ပြန်လည်ထူထောင်နိုင်ပြီဖြစ်တဲ့ ဤဒေသပြည်သူများ၏ အပြုံးများကလည်း လာစမ်းပါစေ၊ အခက်အခဲတွေ တို့တစ်တွေနိုင်ငံတော်ရဲ့ အားပေးကူညီမှုနှင့်အတူ အမြဲကျော်လွှားသွားကြမယ်လို့များ သန္နိဋ္ဌာန်ချထားလေသလားမသိ၊ တည်ကြည်ခံ့ညားပြတ်သား၍ နေပေပြီ။ တက်နေရောင်နှင့်အတူ သူတို့၏ဘဝ ထွန်းသစ်စ လကဲ့သို့ အေးမြတဲ့အလှကားစာဖွဲ့ရန်ပင် မရှိတော့ပါပေ. . .။

သို့နှင့်ပင် ကျွန်တော်တို့အဖွဲ့သည် ကျောက်ကလပ်ကျေးရွာသို့ ရောက်ခဲ့ကြပေပြီ။ ကျောက်ကလပ်ကျောက်တောကြောကြီးသည် အရိုးပေါ်အရွက်မဖုံးတော့ပေ။ အိုးသစ်၊ အိမ်သစ်၊ လမ်းသစ်တွေနှင့်အတူ တန်ဆောင်မုန်းလပြည့်ညအလှနှင့်အတူ လျှပ်စစ်မီးရောင် တထိန်ထိန်ဖြင့် ပင်လယ်ပြင်နှင့် အလှချင်း ပြိုင်လျက်ပါလား။ ကျောက်ချောခင်းလမ်း၏ ဘေးဝဲ၊ ယာတစ်လျှောက် စိုက်ပျိုးထားသော ယူကလစ်ပင်တန်းများပင် တစ်မိုးရာသီနှင့် ပေ ၂၀ ကျော်ခန့် မြင့်ကုန်ပေပြီ။ စတင်တွေ့ရသည်က ကျေးရွာတိုက်နယ် ကျေးလက်ကျန်းမာရေးဌာန လမ်းဘေးအစီအရီ ထပ်ဆောက်ထားသော ပျဉ်ကာ၊ သွပ်မိုး ပုံစံတူအိမ်ကလေးများနှင့်အတူ ယူကလစ်တောများ ဖုံးလွှမ်းနေသော ကုန်းသာယာကျေးရွာတို့၏ အလှသည် မြင်မြင်သမျှတွင် အလှဆုံးပင်ဖြစ်မည်ဖြစ်ပါသည်။

အိမ်တိုင်းတွင် စိုက်ပျိုးထားသော နှစ်ရှည်အုန်းပင်များ၊ ဒန့်သလွန်ပင်များနှင့်အတူ ရာသီသီးနှံများမှာလည်း ယခုအခါ မီးဖိုချောင်ကို လုံသင့်သလောက် လုံသည့်အပြင် တစ်ပိုင်တစ်နိုင်မှသည် ဈေးကွက်ဆီသို့ပင် ရောက်ရှိနေခဲ့ကြလေပြီ။အသိပညာ၊ အတတ်ပညာတို့ကား တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပင် ပြောင်းလဲတိုးတက်လာမှုများသည် ယုံနိုင်စရာပင် မထင်ပါပေ။ ကျေးရွာအကွက်ချပုံစံကို လေ့လာလျှင်လည်း တိုက်နယ်ဆေးရုံ၊ မြေနေရာ၊ ကျေးရွာအုပ်ချုပ်ရေး၊ စာသင်ကျောင်း၊ ပန်းခြံမြေနေရာ၊ အားကစားကွင်း၊ သောက်သုံးရေကန် စသည်ဖြင့် စုံလို့ပါပဲ၊ စနစ်ကျလှ ပါပေသည်။ ထို့အတူ လမ်းဘေးတစ်လျှောက် ဆံပင်အလှပြင်ဆိုင်၊ ကာရာအိုကေဆိုင်၊ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လမ်းမီးတိုင်၊ တယ်လီဖုန်း၊ ဝင်းသူဇာအရောင်းဆိုင်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ပြန်လည်စည်ပင်လာသော ကမ်းရိုးတန်း ငါးဖမ်းလုပ်ငန်း။

ဘဏ္ဍာ/အခွန် ဌာနတွင်းအားကစားပြိုင်ပွဲများ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများ၏ အမျိုးသား အားကစားလှုပ်ရှားမှုအသွင် ဌာနတွင်း အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်မှစတင်၍ နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိရာ အမျိုးသား၊ အမျိုးသမီး တစ်ယောက်ချင်းနှင့် နှစ်ယောက်တွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဝန်ကြီးဌာန စုပေါင်းခန်းမ၌လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး တစ်ယောက်ချင်းနှင့် နှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲများကို ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းမိသားစု အိမ်ရာများ၌လည်းကောင်း ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားနည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြိုင်ပွဲအစီအစဉ်အရ ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲ၊ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲ၊ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲများကို ယနေ့တွင်သတ်မှတ်နေရာ၌ ကျင်းပရာ ဝန်ကြီးက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီး၌ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ကျင်းပ

ဒီဇင်ဘာ အားကစားလအတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနဆိုင်ရာဝန်ထမ်းများ၏ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

Myanmar Golf Tour(2009-2010) IBTC OPEN GOLF Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour (2009-2010))၏ ပဉ္စမပွဲစဉ်အဖြစ် IBTC OPEN GOLF Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon)က သုံးရက်ပေါင်းရိုက်ချက် (၂၀၈)ချက် (-၈)ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး နိုင်နိုင်လင်း (Srixon)နှင့်စိုးကျော်နိုင်(Srixon)တို့က သုံးရက်ပေါင်းရိုက်ချက် (၂၁၂)ချက် (-၄) စီဖြင့် ဒုတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စိုးမိုးဝင်းက သုံးရက်ပေါင်းရိုက်ချက် (၂၁၅)ချက် (-၁)ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်း(မြန်မာ့လက်ရွေးစင်) က သုံးရက်ပေါင်းရိုက်ချက် (၂၁၇)ချက်ဖြင့် ဒုတိယ၊ ရန်မျိုးအေးက သုံးရက်ပေါင်းရိုက်ချက် (၂၁၉)ချက်ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd.,(IBTC) ကအဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Air Bagan Ltd., KBZ Bank Ltd. Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd. Bay of Bengal Resort (BOB), (INAX,T-Home),CEPSA Lubricantes, ACCEL International Co., Ltd.(Canon),Imperial Jade Purified Drinking Water, Lifeline Co., Ltd. GP Watch နှင့်ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တို့က ထပ်မံပံ့ပိုးကူညီကြသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ဦးဆောင်ကစား

တတိယနေ့(၁၈) ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon) က သုံးရက်ပေါင်းရိုက်ချက်(၂၀၈)ချက် (-၈)ဖြင့် ဦးဆောင်ကစားလျက်ရှိစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

※ စာမျက်နှာ ၆ မှ

ကုန်မာဆိုင် စသည်တို့ကလည်း သူ့နေရာနှင့်သူ စနစ်တကျ၊ လမ်းတစ်လျှောက် ဟိုမှသည်၊ သည်မှဟို သွားနေသော ဆိုင်ကယ်များ၊ လူများ၊ ထော်လာဂျီကားများမှာလည်း လူတွေအပြည့် သူတို့တွေမှာလည်း အပြုံးကိုယ်စီ၊ အလှကိုယ်စီ၊ ကိုယ်ပိုင်တိုက်တွေကလည်း ဟိုတစ်လုံး၊ ဒီတစ်လုံး သူတို့တွေ ပြုံးလို့. . . .။

မှန်ပါပေသည်။ ယခင်နှင့် ယခု လုံးဝပင်မတူတော့ဘဲ မြို့နှင့်တူလာပြီ။ အပြောင်းလဲကြီး ပြောင်းလဲလာသော ကျောက်ကလပ်၊ ကုန်းသာယာရွာလေး၏ အလှသည်လည်း ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေနုအေးလေးများအောက်တွင် အေးအေးချမ်းချမ်းနှင့် လွန်စွာ စိတ်ချမ်းမြေ့စရာ ကောင်းလှပါပေသည်။

နိုင်ငံတော်က အဓိကပံ့ပိုး၍ ပြည်သူများ၊ တပ်မတော်သားများ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ကြိုးစားတည်ဆောက်ခဲ့ခြင်းရလဒ်သည် ယနေ့တွင် တိုးတက်စည်ပင်ဖွံ့ဖြိုးမှုကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရခြင်းပင် ဖြစ်ပါသည်။ ဤသို့ တိုးတက်ခြင်းကလည်း လွယ်လွယ်ကူကူမဟုတ်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ မရပ်မနား ကြမ်းတမ်းလှတဲ့ ရေတစ်တန်၊ ကုန်းတစ်တန်ခရီးတို့ဖြင့် အပြန်ပြန်အလှန်လှန်သွားခဲ့ရသလို ရေလယ်တွင် သောင်တင်၍ ဒုက္ခတွေ့ခဲ့ရမှုများ၊ မိုးတွင်း မိုးသက်လေပြင်းနှင့်အတူ ပစ္စည်းများနှင့် အန္တရာယ်များကို ကျော်လွှားရမှုများကား အကြိမ်ရေမနည်းပါပေ။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ စေတနာနှင့် နိုင်ငံသားများ၏ တစ်ဦး၏ဒုက္ခကို မမြင်တွေ့လိုဘဲ မျှဝေခံစားလိုတဲ့စိတ် စေတနာအပြည့်အဝဖြင့် ကူညီချင်ကြသော မွန်မြတ်သည့်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့က အခက်အခဲအကျပ်အတည်းများကို ကျော်လွှားသွားကြပြီဖြစ်ပါသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာ အမှန်တကယ် ရှိနေပါတကား။

ဤမုန်တိုင်းဒဏ်ခံ ဒေသဖြစ်သည့် ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်ဒေသတို့သည် ထိုစဉ်ကာလက အခြေအနေမှာ ပျက်စီးဆုံးရှုံးမှုများပြီး သုညအဆင့်သို့ ရောက်ရှိခဲ့ကြလေသည်။ ပထမအဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် တစ်ပြိုင်တည်းမှာပင် ဒေသခံတို့၏ အိုးအိမ်များ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရသကဲ့သို့ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများကိုလည်း အမြန်ဆုံးပြန်လည် တည်ဆောက်ပေးခဲ့ရပေသည်။ ထို့အတူ ကျေးရွာပျက်စီးသွားသော ဒေသများတွင် နေရာသစ်၌ ရွာသစ်ပြန်လည်တည်ဆောက်ပေးခြင်းတို့ကိုလည်း နိုင်ငံတော်က စီစဉ်ဆောင်ရွက်ခဲ့ရပေသည်။ ဤမျှကြီးမားကျယ်ပြန့်သော လုပ်ငန်းကို နိုင်ငံတော်နှင့်အတူ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးက အမျိုးသားရေး ခံယူချက်ဖြင့် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းခဲ့ ဆောင်ရွက်ခဲ့ကြသလို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အင်အား၊ ပြည်သူ့ဝန်ထမ်းများဖြင့် မှန်ကန်စွာ စုဖွဲ့အကောင်အထည်ဖော် ဆောင်ရွက်မှု၏ ရလဒ်အဖြစ် တစ်နှစ်ကျော်ကာလအတွင်း ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒေသခံတို့၏ စားဝတ်နေရေးများသည် ပုံမှန်ထက်ပင် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆားကွင်းနှင့် ဆားဂိုဒေါင်ကို တွေ့ရစဉ်။

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ရွှေရတုသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

ပခုက္ကူအသင်း(ရန်ကုန်) တည်ထောင်ခဲ့သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်နှင့် စာပေအနုပညာထူးချွန်ဆုပေးပွဲနှင့် ရွှေရတုသဘင်အခမ်းအနားကို ဒဂုံမြို့နယ် အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်တိုင်း တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများ ရွှေရတုအထိမ်းအမှတ်အတွက် စိုက်ထူလှူဒါန်းသောငွေပဒေသာပင်အတွက် လှူဒါန်းလိုသူများနှင့် အသင်းဝင်များ၏သား၊ သမီးများမှ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ ပညာရေးထောက်ပံ့ငွေ လျှောက်ထားလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇၊ ပခုက္ကူဓမ္မာရုံ ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ ၂၅၁၊ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြိုင် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် စတုတ္ထတန်းမှ ပထမဆုရ မအေးသန္တာလွင်အား ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ၏ (၁၁)ကြိမ်မြောက် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ၏ (၁၁)ကြိမ်မြောက် မိတ်ဆုံညစာစားပွဲနှင့် နှစ်(၄၀)မြောက် ဘွဲ့ရအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းရှိ Western Park Restaurant ၌ ကျင်းပမည်ဖြစ်၍ ၁၉၆၉ ခုနှစ် ဘွဲ့ရများအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဗိုလ်မှူးခင်မောင်ဝင်း ဖုန်း-၅၄၄၂၈၄၊ ဦးကြည်စိုး ဖုန်း ၀၉-၅၁၇၅၂၇၀ နှင့် ဦးလှတိုး ဖုန်း-၀၉-၈၀၃၁၉၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ရန်သူ ဒို့ရန်သူ ဝိုင်းဝန်းတိုက်ဖျက် လက်တွဲကူ

ကျော်ရဲမင်း

ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းမှာ ကျင်းပတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသတင်းကို ကြည့်ရင်း ကျွန်တော်တို့နိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေအပေါ် အထူးပဲ နှစ်ထောင်းအားရဖြစ်မိပါတယ်။ ယခင်ကလည်း နိုင်ငံတစ်ဝန်းမှာ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားတွေကို ပြည်နယ်/တိုင်းတွေမှာရော၊ ရန်ကုန်မြို့မှာပါ အကြိမ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်လို့ နိုင်ငံတော်ရဲ့လုပ်ဆောင်ချက်ဟာ တကယ်ကို အလေးအနက်ထားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားလှပါတယ်။

ပြောရရင် ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးတဲ့ နိုင်ငံပေါင်း ၂၀ စာရင်းကို အမေရိကန်နိုင်ငံက ပြည်ပမီဒီယာတွေကတစ်ဆင့် ထုတ်ပြန်ခဲ့ရာမှာ ဘိုလီးဗီးယား၊ ဗင်နီဇွဲလားနဲ့ မြန်မာနိုင်ငံတို့ကို လွန်ခဲ့တဲ့ ၁၂ လတာကာလအတွင်း မူးယစ်ဆေးဝါးတရားမဝင်တိုက်ဖျက်ရေးအပေါ် ပူးပေါင်းဆောင်ရွက်မှု မရှိတဲ့ နိုင်ငံတွေအဖြစ် စွပ်စွဲဖော်ပြထားတာ တွေ့ရပါတယ်။ ဘယ်လိုသတင်းအခြေအမြစ်တွေဆီကနေ ဘယ်ပုံ ကိန်းဂဏန်း အချက်အလက်တွေကိုယူပြီး ဘယ်သို့ဘယ့်နှယ် ကောက်ချက်ဆွဲ သတ်မှတ်ဖော်ပြလိုက်တယ် မသိပါဘူး။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးတရားမဝင်တိုက်ဖျက်ရေးအပေါ် ပူးပေါင်းဆောင်ရွက်မှု မရှိဘူးဆိုတဲ့ စွပ်စွဲချက်ဟာ ပကတိအခြေအနေမှန်တွေနဲ့ လုံးလုံးကြီးကို လွဲချော်နေတာအမှန်ပါပဲ။

တကယ်တမ်းပြောရရင် မြန်မာနိုင်ငံအနေနဲ့ မိမိမှာရှိတဲ့ အရင်းအမြစ်အားလုံးကို စွမ်းအားကုန်အသုံးချပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ ချိတ်ဆက်လက်တွဲပြီး အပြည့်အဝ ပူးပေါင်းလုပ်ကိုင်နေတာလည်း အများအမြင်ပဲဖြစ်ပါတယ်။

လက်တွေ့အားဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ မှုခင်းတိုက်ဖျက်ရေးအဖွဲ့ (UNODC)နဲ့ မဲခေါင်ဒေသ (၅)နိုင်ငံတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသလို တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရုရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင် စတဲ့နိုင်ငံတွေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ သဘောတူစာချုပ်တွေ၊ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။

ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေရဲ့ ရလဒ်အနေနဲ့ အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ပူးပေါင်းပြီး နိုင်ငံတကာမူးယစ်ဆေးဝါး ဂိုဏ်းတွေကို အထိနာအောင် ဖြိုခွင်းနိုင်ခဲ့ပါတယ်။ ဘိန်းဖြူ ဘလောက်တုံး၅၉၁ ကီလိုတစ်ကြိမ်၊ ၄၉၆ ကီလိုတစ်ကြိမ် စုစုပေါင်း ကီလို ၁၀၀၀ ကျော် (၁ တန်ကျော်) ဖမ်းဆီးနိုင်ခဲ့တာဟာ ကမ္ဘာတစ်ဝန်း အံ့အားသင့်လောက်တဲ့ အောင်မြင်မှုတွေပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၁၉၇၀ ပြည့်လွန်နှစ် အလယ်ပိုင်းလောက်က စပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး စတဲ့ စစ်ဆင်ရေးတွေကို အဆင့်ဆင့် လူအား၊ ငွေအားအမြောက်အမြား ကျခံသုံးစွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် ပြည်ပက ပံ့ပိုးကူညီမှုတွေလည်း အထိုက်အလျောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ၁၉၈၈ နောက်ပိုင်းကစပြီး အဲဒီကူညီမှုတွေကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့တာ ယခုအချိန်အထိပါပဲ။

ကျွန်တော်တို့အနေနဲ့ကတော့ ကူညီသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်စွမ်းသမျှနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်မှာ မူးယစ်ဆေးဝါး အမြစ်ပြတ်ရမယ်လို့ သန္နိဋ္ဌာန်ချမှတ်ပြီး ၁၉၉၉ မှ ၂၀၁၄ ခုနှစ်အထိ အကျုံးဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (၁၅)နှစ်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ မှောင်ခိုရောင်းဝယ်မှုများကို ပိုက်စိပ်တိုက်ရှာဖွေဖော်ထုတ်နှိမ်နင်းလျက်ရှိသလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အကုန်အထိ ဘိန်းစိုက်ဧက (၈) သိန်းကျော် လျှော့ချနိုင်ခဲ့ပြီး ဘိန်းခင်းတွေနေရာမှာ နှစ်ရှည်နှစ်တို သီးနှံဧက(၆) သိန်းကျော် အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ ဘိန်း ထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာခဲ့ကြောင်း ကုလသမဂ္ဂကိုယ်တိုင်က အသိအမှတ်ပြုခဲ့ကြတာကို တွေ့နိုင်ပါတယ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အလေးထားပြီး အားစိုက်ခွန်စိုက် ဖိဖိစီးစီး ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အခုလို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးတဲ့အခမ်းအနားတွေကို ၂၀၀၆ ခုနှစ်အထိ ရန်ကုန်မြို့မှာ အကြိမ် (၂၀)နဲ့ ပြည်နယ်/တိုင်းများရှိ ဒေသများနဲ့ မြို့ကြီးများမှာ (၄၇)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမှာကိုပဲ ၁၉၉၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်က နှစ်ကြိမ်၊ ၂၀၀၉ ခုနှစ်က တစ်ကြိမ် စုစုပေါင်း လေးကြိမ်ကျင်းပခဲ့ပြီး ဖြစ်တဲ့အတွက် ယနေ့မီးရှို့ဖျက်ဆီးမှုဟာ ငါးကြိမ်မြောက် ဖြစ်တာကို တွေ့နိုင်ပါတယ်။

ပြောရရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း ၂၀၀၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ကနေ ယခု အခမ်းအနား ကျင်းပတဲ့နေ့အထိ မူးယစ်ဆေးဝါးများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်ကြီးပေါင်း (၂၀)ကျော်ရှိခဲ့ပါတယ်။ အဲဒီကာလအတွင်း ဖမ်းဆီး၊ သိမ်းဆည်းရမိတဲ့ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နဲ့ ဆက်စပ်ပစ္စည်းများရဲ့ ပမာဏကိုကြည့်ရင် -

(၁)	စိတ်ကြွဆေးပြား	၆၉၉၈၅၅၄	ပြား
(၂)	ဘိန်းဖြူ	၈၁၉ ဒသမ ၇၅၁၆	ကီလို
(၃)	အိုက်စ်	၁၀ ဒသမ ၀၄၅	ကီလို
(၄)	ဘိန်းစိမ်း	၁၅၆ ဒသမ ၃၁၈၅၅	ကီလို
(၅)	စိတ်ကြွဆေးမှုန့်	သုည ဒသမ ၁၈	ကီလို
(၆)	စိတ်ကြွဆေး ရေစို	သုည ဒသမ ၃၉၄	ကီလို
(၇)	ကဖင်း	၁၀၃၁	ကီလို
(၈)	ဘိန်းဆီခဲ	သုည ဒသမ ၀၃၁	ကီလို
(၉)	ဘိန်းချေး	သုည ဒသမ ၀၁၈	ကီလို

အထိရှိခဲ့တာကို တွေ့နိုင်ပါတယ်။ ယခု ဖမ်းဆီးရမိပြီး မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနဲ့ ဆက်စပ်ပစ္စည်းများရဲ့ စုစုပေါင်း တန်ဖိုးဟာ မြန်မာငွေကျပ် ၉၃ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၉၃သန်းကျော်)ရှိပါတယ်။ တကယ့်ကို ပမာဏအားဖြင့်ရော တန်ဖိုးအားဖြင့်ပါ ကြီးမားလှပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးကိုသာမက စိတ်ကြွဆေးပြားများ ဖြစ်လာစေဖို့ အဓိကကုန်ကြမ်းဖြစ်တဲ့ ဓာတုပစ္စည်းများကိုပါ နေရာဒေသအနှံ့ ဒေသခံပြည်သူများရဲ့ အကူအညီကိုရယူပြီး ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ယခုဆိုရင် မူးယစ်ဆေးဝါး မှောင်ခိုသမားများအနေနဲ့ စိတ်ကြွဆေးပြား ထုတ်လုပ်ရာမှာ အဓိကကျတဲ့ ဓာတုပစ္စည်းများကို ရနိုင်ဖို့ ခက်ခဲလာခဲ့ပါပြီ။ ဒီလို အခြေအနေမှာ စိတ်ကြွဆေးပြား ထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းဖြစ်တဲ့ အက်ဖီဒရင်းဓာတုပစ္စည်း ပြန်လည်ထုတ်ယူနိုင်တဲ့ ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးဆိုတာကို တစ်ဖက်နိုင်ငံကနေ ပြည်တွင်းကို နည်းမျိုးစုံနဲ့ တင်သွင်းဖို့ကြိုးပမ်းလာကြတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ယခုအခါမှာ တရားမဝင် ဝင်ရောက်လာတဲ့ ဆူဒိုအက်ဖီဒရင်း အိမ်သုံးဆေးဝါးတွေကို အလေးထား တားဆီးမှုတွေ ပြုလုပ်လာရပါတယ်။

တကယ်တော့ ဓာတုကုန်ကြမ်းပစ္စည်းဆိုတာဟာ ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့လို နိုင်ငံမျိုးမှာမထွက်ပါဘူး။ စက်မှုနိုင်ငံများမှာသာ ထွက်ရှိတာဖြစ်ပါတယ်။ ဒီဓာတုပစ္စည်းတွေဟာ အိမ်နီးချင်း တစ်ဖက်နိုင်ငံကတစ်ဆင့် ကျွန်တော်တို့နိုင်ငံဆီကို ဝင်ရောက်လာခြင်းသာဖြစ်ပါတယ်။ ယခင်ကာလများတုန်းကတော့ ဒီဓာတုပစ္စည်းတွေဟာ သူ့နဂိုပုံစံအတိုင်း ဝင်လာခြင်းဖြစ်ပေမယ့် လက်ရှိအခြေအနေမှာတော့ အသွင်ပြောင်းပြီး အိမ်သုံးဆေးဝါးများကတစ်ဆင့် ဝင်လာနေပြီဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း အိမ်နီးချင်းနိုင်ငံများနဲ့ နိုင်ငံချင်းသတင်းဖလှယ်မှုတွေ ပြုလုပ်ပြီး တားဆီးနှိမ်နင်းခဲ့ရပါတယ်။ အောင်မြင်မှုများလည်း ရရှိခဲ့ပါတယ်။ ဖမ်းဆီးရမိမှုဖြစ်စဉ်များနဲ့ ပတ်သက်ပြီး သတင်းကွင်းဆက်များ စိစစ်ဖော်ထုတ်လျက် အမြစ်ပါမကျန် တိုက်ဖျက်ချေမှုန်းနိုင်အောင် ဆောင်ရွက်နေတာကိုလည်း တွေ့နိုင်ပါတယ်။

တကယ်တော့ Precursor ခေါ်တဲ့ ဓာတုကုန်ကြမ်းမရှိရင် မူးယစ်ဆေးဝါးဆိုတာ ဘယ်လိုမှ ဖြစ်မလာနိုင်ပါဘူး။ ဒါကြောင့် ဓာတုကုန်ကြမ်း Precursor Chemical များ ကျွန်တော်တို့နိုင်ငံအတွင်းကို တရားမဝင် လမ်းကြောင်းပြောင်းလဲ စီးဝင်မလာနိုင်အောင် အိမ်နီးချင်းနိုင်ငံများနဲ့ အထူးအလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံများဘက်ကလည်း အလေးထားပူးပေါင်းဆောင်ရွက်ဖို့ အလွန်အရေးကြီးပါတယ်။ တကယ်တမ်း လူအများကို အန္တရာယ်ဖြစ်စေမယ့် မူးယစ်ဆေးဝါးဘဝကို ရောက်မလာနိုင်ခင် ဓာတုပစ္စည်းဘဝကတည်းက တားဆီးနှိမ်နင်းနိုင်ခဲ့ခြင်းဟာ နောင်ဖြစ်ပေါ်လာမယ့် မူးယစ်ဆေးဝါးပမာဏများစွာကို တားဆီးနိုင်ခဲ့ခြင်းပဲ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး ကိုယ့်နိုင်ငံမှာရှိတဲ့ သယံဇာတအရင်းအမြစ်တွေပေါ်မှာ အခြေပြုပြီး စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင် မဟာဗျူဟာ(၂)ရပ်နဲ့ နည်းဗျူဟာ(၃)ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာ(၂)ရပ်ကတော့ (၁)မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှတိုက်ဖျက်ရေး၊ (၂)နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာတွေ အောင်မြင်စေရေးအတွက်(၁)ထုတ်လုပ်မှုပပျောက်ရေး၊ (၂)သုံးစွဲမှုပပျောက်ရေး၊ (၃)တားဆီးနှိမ်နင်းရေးဆိုတဲ့ နည်းဗျူဟာ(၃)ရပ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ အကျုံးဝင်တဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီးကို ချမှတ်ဖော်ဆောင်လျက်ရှိပါတယ်။ ယခုဆိုရင် အဲဒီ(၁၅)နှစ်စီမံကိန်း၊ ဒုတိယ(၅)နှစ်ပိုင်းရဲ့ နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီဖြစ်တဲ့အပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အတော်ကို အောင်မြင်ခရီးရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနဲ့ တားဆီး

ကျွန်တော်တို့အနေနဲ့ကတော့ ကူညီသူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်စွမ်းသမျှနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်မှာ မူးယစ်ဆေးဝါး အမြစ်ပြတ်ရမယ်လို့ သန္နိဋ္ဌာန်ချမှတ်ပြီး ၁၉၉၉ မှ ၂၀၁၄ ခုနှစ်အထိ အကျုံးဝင်တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး (၁၅)နှစ်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိ။

မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်ကြီးဟာ လူသားမျိုးနွယ်တစ်ရပ်လုံး၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ ကမ္ဘာ့ပြဿနာဖြစ်။ ဒါကြောင့် ဒီလုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့ တစ်နိုင်ငံတည်း ဆောင်ရွက်နေလို့ ဘယ်လိုမှ မရနိုင်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာဖြစ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိ။

နှိမ်နင်းရေးလုပ်ငန်းရပ်များအပေါ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို တစ်ဖက်ကလည်း သုံးစွဲမှုပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)က ချမှတ်ထားတဲ့ "မူးယစ်ဆေး လွှမ်းမိုး စိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ (No individual, family or community is safe where illicit drugs take control)"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ အသိပညာပေးရေးလုပ်ငန်းများ၊ ဆေးစွဲသူများကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံအဝန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာလုပ်ငန်းစဉ်(၃)ရပ်နဲ့အညီ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုအားကိုယူပြီး မဖြစ်မနေ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာသာဖြစ်ပါတယ်။ အခြားတစ်ဖက်ကလည်း ဒေသနယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်သူများရဲ့အားနဲ့ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီး အောင်မြင်အောင် အပြည့်အဝ စွမ်းအားကုန်ကြိုးပမ်း ဆောင်ရွက်သွားမှာသာဖြစ်ပါတယ်။

တကယ်တော့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်ကြီးဟာ လူသားမျိုးနွယ်တစ်ရပ်လုံး၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ ကမ္ဘာ့ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့ တစ်နိုင်ငံတည်း ဆောင်ရွက်နေလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာသာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

ချုပ်ပြီးဆိုရရင် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းအတွက် ခိုင်မာတဲ့သန္နိဋ္ဌာန်စိတ်နဲ့ တက်ကြွပြတ်သားစွာ လုပ်ဆောင်လျက်ရှိကြောင်း အထင်အရှားတွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုနေတာတွေဟာ လုံးဝမှားယွင်းနေတယ်ဆိုတာကို နိုင်ငံတကာအနေနဲ့ရော၊ ပြည်သူအားလုံးပါ သိစေချင်တယ်။ ဒါ့အပြင် လက်ရှိဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရေးလုပ်ငန်းတွေ၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းတွေ အောင်မြင်သည်ထက်အောင်မြင်အောင် နည်းပညာအထောက်အပံ့များ၊ ဘိန်းစိုက်တောင်သူများ ဆင်းရဲမွဲတေမှုပပျောက်ရေး အစီအမံများမှာ ပူးပေါင်းပါဝင် လက်တွဲကူညီသင့်လှပါတယ်။ ဒါဆိုရင် ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အနာဂတ်ကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီးကို တိုက်ဖျက်နှိမ်နင်းရာမှာ ယခုထက်ပိုပြီး ထိရောက်အောင်မြင်မှု ရလဒ်ကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

■ **ကျောဖုံးမှ**

ကားကြီး-ကားငယ် အသွယ်သွယ်တို့နှင့် စက်ဘီးများ၊ ဆိုင်ကယ်များနှင့် ပျားပန်းခပ်မျှ ကူးချည်သန်းချည်သွားလာနေကြသည်မှာ မျက်စိအောက်တွင် မပျောက်လောက်အောင်ပင် မြင်တွေ့နေရပါသည်။ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ လှပသစ်လွင်နေသော လူနေတိုက်တာ အဆောက်အအုံများ၊ လမ်းဘေး ဝဲယာတစ်လျှောက် ဈေးဆိုင်ခန်းများစွာနှင့် အတူ လူနေမှုအဆင့်သည်လည်း မြင့်မားလျက်ရှိနေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

အားရဖွယ်မြင်တွေ့

မြို့ဝင်၊မြို့ထွက် လမ်းဘေး ဝဲယာတစ်လျှောက် တစ်မျှော်တစ်ခေါ် မျက်စိတဆုံး ရွှေဝါရောင်စပါးခင်းများ လွှမ်းခြုံထားသကဲ့သို့ ရွှေဝါရောင် စပါးခင်းများအကြား မြစိမ်းကမ္ဗလာခင်းထားသည့် ဟင်းသီးဟင်းရွက်၊စားဖိုဆောင်သီးနှံမျိုးစုံတို့ စိုက်ပျိုးထားသည်မှာလည်း အဝါတစ်ကွက်၊ အစိမ်း တစ်ကွက် ပြိုးပြိုးပြက်ပြက်လင်းလက်တောက်နေသည့် ပမာ ကြည်နူးစရာ မြင်ကွင်းများကို အားရဖွယ်မြင်တွေ့ခဲ့ရပါသည်။

ရှင်းလင်းပြောပြ

ကျွန်တော်တို့ သတင်းအဖွဲ့သည် စိုက်ပျိုးထုတ်လုပ်မှုများနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိရေးသားနိုင်ရန်အတွက် နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ခဲ့ပါသည်။ ရုံးသို့ရောက်ရှိသည့်အခါ မြို့နယ်အတွင်းရေးမှူးနှင့် တွေ့ဆုံခွင့်ရခဲ့ပြီး သိရှိလိုသမျှကို မေးမြန်းခဲ့ပါသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းက ရှင်းလင်းပြောပြရာတွင် "ကျွန်တော်တို့မြို့နယ်ကို မြို့ပေါ်ရပ်ကွက်ကြီး (၅)ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု ဖြင့်ဖွဲ့စည်းထားရှိပါတယ်၊ အိမ်ခြေ ၄၀၅၃၂ အိမ်၊ အိမ်ထောင်စု ၄၁၇၂၂ စု၊ လူဦးရေ ၁၉၆၇၂၀နေထိုင်ကြပါတယ်၊ လူဦးရေအများစုကတော့ ကျေးလက်ဒေသများမှာ နေထိုင်ကြပြီး၊ မြို့နယ်ရဲ့အဓိက စီးပွားရေးလုပ်ငန်းကတော့စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝများတိုးတက်မြင့်မားဖို့အတွက်၊ ကျွန်တော်တို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ အဓိကသီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ စီမံကိန်းလျာထားချက်တွေကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေကတစ်ဆင့် ကျေးရွာအုပ်စုအလိုက် စီမံကိန်းတာဝန်တွေကို ပေးအပ်ပါတယ်။ တောင်သူဦးကြီးတွေအတွက် သွင်းအားစုတွေကို အချိန်မီဖြန့်ဖြူးပေးပါတယ်။ ကျွန်တော်တို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့အတူ မြို့နယ် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နဲ့ အခြားဌာနဆိုင်ရာတွေ ပါဝင်တဲ့ မြို့နယ်အဆင့် စိုက်/ကြပ်ကော်မတီက ဇုန်နယ်မြေတွေအလိုက် ကွင်းဆင်းကြီးကြပ်ပြီး တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ပံ့ပိုး-ဖြည့်ဆည်း-ပေါင်းစပ်-ညှိနှိုင်း ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံအမျိုးအစားအလိုက် နည်းပညာလိုအပ်ချက်တွေနဲ့ မျိုးကောင်း-မျိုးသန့်ရရှိရေးကို ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် သဘာဝမြေဩဇာပြုလုပ်ပုံ၊ သုံးစွဲပုံကိုလည်း လက်တွေ့လုပ်ဆောင်ပြသပါတယ်။ ဓာတ်မြေဩဇာနဲ့ သဘာဝမြေဩဇာပေါင်းစပ်အသုံးပြုရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုးစနစ်မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနဲ့ ကြားပေါင်းလိုက်၊ ပေါင်းသင်-မြေဆွကအစ တောင်သူများနဲ့နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံစည်းရုံးပြီး ကြီးကြပ်ဆောင်ရွက်စေပါတယ်" ဟု ဦးဆောင်စီမံမှုကဏ္ဍ၊ ဖြန့်ဖြူး မှုကဏ္ဍ၊ နည်းပညာကဏ္ဍများကို ပထမဦးစွာရှင်းလင်းပြောပြပါသည်။

ဆက်လက်ပြီး သိလိုတာကတော့ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေကို စေ့ငုကြည့်ရာ-

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းမှာ ၂၀၀၉-၂၀၁၀ ခုနှစ် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့မှု အခြေအနေမှာ မိုးစပါး ၄၇၀၆၅ ဧက၊ ပဲတီစိမ်း၊ ပဲပိစပ်၊မတ်ပဲ ၃၈၇၈၉ဧက၊ ဆီထွက် သီးနှံ ၁၇၀၀၄ ဧက၊ ငရုတ်ဧက ၆၀၈၀၊ အစေ့ထုတ်ပြောင်း+ဖူးစားပြောင်း ၃၃၃၉ ဧက၊ဟင်းသီးဟင်းရွက် ၁၆၆၅ဧကတို့ကို လျာထားချက်ထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးထားရှိနိုင်မှု အခြေအနေမှာ ငွေချည် (၆) ဝါ၇၈၇၁ ဧက၊ ပဲကြီး၊ ကုလားပဲ၊ မတ်ပဲ ၁၂၆၉၅ ဧက၊ ပြောင်း ၁၂၈၈ ဧက၊ ဆီထွက်သီးနှံ ၂၉၂၀၅ဧက၊ ဟင်းသီးဟင်းရွက် ၂၂၀၅ ဧက၊ စားဖိုဆောင်သီးနှံဧက ၇၇၀ ဖြစ်သည်။

နွေစပါးစိုက်ပျိုးမှုလျာထား

၂၀၀၉-၂၀၁၀ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးမှုကိုတော့ တစ်မြို့နယ်လုံး ဧက၂၁၁၃ ဧက လျာထားကြောင်း သိရှိခဲ့ရသည်။

ထို့နောက် နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးကြီးများအတွက်ဖြစ်စေ၊ စိုက်ဧက တိုးတက်ရေးအတွက်ဖြစ်စေ ထူးထူးခြားခြား ဆောင်ရွက်ထားရှိမှုများကို မေးမြန်းကြည့်ရာ-

"ကျွန်တော်တို့ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်ရေး၊ မိုးစပါးအောင်ရေရရှိရေး၊ နွေစပါးလျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် ဆည်မြောင်းဦးစီးဌာနနှင့် ပေါင်းစပ်ပြီး ချောင်းပိတ်၊ မြောင်းပိတ်၊ လျှိုပိတ်လုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။အဲဒီလို ချောင်းပိတ်၊ မြောင်းပိတ်၊ လျှိုပိတ်လုပ်ငန်းတွေကို ကျွန်တော်တို့မြို့နယ်က ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် စိုက်ဧက ၁၉၂၈ ဧက တိုးတက်လာခဲ့ပါတယ်။ တိုးတက်လာတဲ့ ဧကတွေကတော့ ကင်းသာဆည်မှာ ၈၅ ဧက၊ မုန်ဆည်မှာ ဧက ၁၀၀၊ လယ်ငယ်ချောင်းပိတ်မှာဧက ၁၅၀၊ မုန်ချောင်းပိတ်မှာ ၇၃၃ ဧက၊ ဆင်သေချောင်းပိတ်မှာ ၉၂၅ ဧကနဲ့ ကင်းသာ ချောင်းပိတ်မှာ ဧက ၁၂၀ တို့ ဖြစ်ကြပါတယ်" ဟု ရွှင်လန်းတက်ကြွစွာဖြင့် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပါသည်။

ဖွံ့ဖြိုးစည်ပင်လျက်ရှိ

ယခုအခါ နေပြည်တော် တပ်ကုန်းမြို့နယ်၌ နွေ၊ မိုး၊ ဆောင်း ရာသီသုံးလီတွင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင်မြင်ဖြစ်ထွန်းနေခြင်းသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုနှင့် အတူ မြို့နယ်အဆင့်ဌာနဆိုင်ရာ အသီးသီးတို့၏ ပံ့ပိုးမှုကဏ္ဍ၊ ဖြန့်ဖြူးမှုကဏ္ဍ၊ နည်းပညာပံ့ပိုးမှုများနှင့် တောင်သူဦးကြီးများ၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်စိုက်ပျိုးကြသည့်အတွက် သီးနှံစိုက်ပျိုးမှုဧကများလည်းတိုး ဝင်ငွေများလည်း ဖြိုးလျက် နေပြည်တော်တပ်ကုန်း မြို့နယ်တစ်ခွင် ဖွံ့ဖြိုးစည်ပင်လျက် ရှိနေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

နွေစပါးအောင်ရေ ရရှိရေးအတွက် ကျေးရွာပြည်သူများ ဆင်သေချောင်းပိတ်လုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်း မြို့နယ်သီးနှံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်း ပြောကြားစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ဇေဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"အဂ္ဂဝစ္ဆသုတ်" (ဆရာတော် အရှင်ဇဋိလ)
၆း၄၅	ရှင်တော်မဟာမုနိ--- ဘဂဝါပူဇေမိ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (MAXXIS Tires (၈) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါမေတ္တာရိပ်မှာ" (အပိုင်း-၂၂)**
၈း၃၀	Sports World (Timber Sport) (Part - 2)
၈း၅၅	မက်မဆုံးတဲ့ ပြက်လုံးများ (ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်)
၉း၁၅	Activities In The City (မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေ၏ သိန်း ၁၀၀၀ကံထူးရှင်ဂုဏ်ပြုပွဲ)
၉း၃၀	Fashion Talk (Hip Hop Fashion)
၁၀း၀၀	အနိုင်းမရှိမေတ္တာဂုဏ်ရည်ချီးကျူးဂုဏ်ပြုပါသည်
၁၀း၂၀	ရွှေစံအိမ်တည်ရှိရာ "Aureum Resort"
၁၀း၅၀	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-သီရိဆွေ)
၁၁း၁၅	စာအုပ်စာပေလူ့မိတ်ဆွေ (ဒေါက်တာ ဒဂုန်ခင်သဇင်) (အပိုင်း-၁)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၅၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၁၂း၁၀	ထူးထွေဆန်းပြားအနုပညာကျွမ်းဘား
၁၂း၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဗိုင်းရပ်စ်ရိုက်ကွင်းအမှတ်တရ"
၁၂း၄၅	တက္ကစီမီတာသင်လိုရာ (ဇေယျ၊ ရိုတ၊ ပန်းအိခိုင်) (ဒါရိုက်တာ -ဇာဏီထက်လင်း)
၁း၀၀	"အဂ္ဂဝစ္ဆသုတ် (ဆရာတော် အရှင်ဇဋိလ)
၂း၀၀	MRTV-4 သတင်း
၂း၃၀	**(၂၅)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာနှင့်အင်ဒိုနီးရှား)**
၄း၂၅	Fashion Music Festival (Hair Fashion (1))
၅း၀၀	ရွှေစံအိမ်တည်ရှိရာ "Aureum Resort"
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ငုဝါ)
၆း၄၀	ရန်ကုန်မြင်ကွင်းကျယ် (MAXXIS Tires (၈)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား)
၆း၅၅	Fashion Music Festival [Hair Fashion (1)]
၇း၃၅	Box Office Movies (Watch Men)
၈း၀၀	MRTV-4 သတင်း
၈း၃၀	မက်မဆုံးတဲ့ ပြက်လုံးများ (ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်)
၈း၅၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog City)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါမေတ္တာရိပ်မှာ" (အပိုင်း-၂၂)**
၁၀း၀၀	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-သီရိဆွေ)
၁၀း၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ငုဝါ)
၁၀း၄၀	Box Office Movies (Watch Men)
၁၁း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဗိုင်းရပ်စ်ရိုက်ကွင်းအမှတ်တရ"
၁၁း၂၀	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၁၁း၃၀	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
၁၁း၄၅	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၁၁း၅၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာ နည်းပြသင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရုံးသုံးကွန်ပျူတာနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၀၉)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၉) သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားစဉ်။ (စက်မှု -၁)

နေပြည်တော် ဒီဇင်ဘာ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၀၉)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ ရုံးသုံးကွန်ပျူတာ နည်းပြသင်တန်းကို ဝန်ကြီးဌာနရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကွန်ပျူတာနည်းပညာရပ်များနှင့် သတင်းအချက်အလက် လုံခြုံရေးနည်းပညာရပ်များအား စနစ်တကျဖြင့် ပြန်လည်ဆင့်ပွားပို့ချပေးနိုင်မည့် ကွန်ပျူတာနည်းပြများ ပေါ်ပေါက်လာ၍ ဝန်ကြီးဌာန၏ ကွန်ပျူတာဆိုင်ရာ လုပ်ငန်းများတွင် ထိရောက်သော လုပ်ငန်းစွမ်းဆောင်မှု ပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်းကို ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၊ ငွေစာရင်းရှင်းတမ်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများသည် သင်တန်းမှ ရရှိထားသော ပညာရပ်များ၊ တိုးတက်လာသည့် အရည်အချင်းများကို နိုင်ငံတော်အကျိုး၊ မိမိဝန်ကြီးဌာန အကျိုးအတွက် အသုံးပြုဆောင်ရွက်သွားကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ဆက်လက်ရပ်တည်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၅၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သနပ်ပင်မြို့နယ် နွေစပါးစိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၉

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် သနပ်ပင်မြို့နယ် အောက်စုကျေးရွာအုပ်စု နွေစပါးစံပြစိုက်ခင်း၌ တာဝန်ရှိသူများက စိုက်ပျိုးမှုအခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားပြီး စပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆုချီးမြှင့်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့်၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပဲခူးမြို့အတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကန်တော်ကြီးရေပိုက်လိုင်း လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပန်းတောင်း၌ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားနှင့် အခြေခံ တိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ် ဒု-တိုင်းရင်းဆေးမှူး ဒေါ်တိုးတိုးဝေက အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊ မြို့နယ် ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်တိုးတိုးဝေတို့က ကျေးရွာ ၂၃ ရွာတို့မှ တာဝန်ခံတို့အား တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၉

သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်၍ အမှာစကားပြောကြားရာတွင် သမဝါယမဘဏ် (အများပိုင်ဘဏ်) အနေဖြင့် နိုင်ငံတော်၏ ချမှတ်ထားသည့် ငွေကြေးဆိုင်ရာမူများအရ အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်ကလည်း ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေနှင့် ဗဟိုဘဏ်ဥပဒေများကို အလေးထား လိုက်နာဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် စီးပွားရေးကဏ္ဍစုံ၌ တိုးတက်လာရန် ငွေကြေးအရင်းအနှီးများ ဖြည့်ဆည်းပေးမည့် ပင်မရေသောက်မြစ်ဖြစ်ရန် အထူးလိုအပ်ကြောင်း၊ သမဝါယမဘဏ်အနေဖြင့် သမဝါယမအသင်းများနှင့် ပုဂ္ဂလိကများအား ငွေကြေးများ ပိုမိုတိုးတက်အောင် ထုတ်ချေးသည်ကို တွေ့ရကြောင်း၊ ထို့အပြင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ပြည်ပပို့ကုန်တင်ပို့ရန် အထူးအာရုံစိုက်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာများ၊ အစုရှယ်ယာအပေါ် အမြတ်ခွဲဝေမှုတို့ကို အတည်ပြုချက်ရယူ၍ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကာ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၅:၀၀ ၇။ မွေးမြူသုတ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၂၅ ၁၂။ **ကာတွန်းအစီအစဉ် -မော်ဆရာနှင့် ပင်လယ်နတ်သမီး အပိုင်း(၃၀)**
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မုန်းမုန်းမေ့မေ့ (အပိုင်း-၂၇)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု -စနစ်တကျအသုံးချ သစ်တောသယံဇာတ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အရုဏ်ဦးအချစ် (အပိုင်း-၁၀)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မြောင်းမြနှင့် လပွတ္တာခရိုင် မြေစာရင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၉

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်၊ ဒုတိယ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကြည်ဦးတို့ လိုက်ပါလျက် နိုဝင်ဘာ ၁၄ရက် နံနက်တွင် မြောင်းမြမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာနမှူးများ၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ဌာနဆိုင်ရာလုပ်ငန်းများကို စစ်ဆေးမှုများ ပြုလုပ်ပြီး မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာအုပ်စု ကွင်းအမှတ်- ၂၀၆(က) ဦးပိုင်အမှတ်(၆၄/၂) ဧရိယာ ၉ ဒသမ ၁၀ ဧကရှိ တောင်သူ ဒေါ်သန်းသန်းမြင့် စိုက်ပျိုးထားသော မနောသုခစပါး စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

(10-12)10.pmd 1 12/10/2009, 2:25 AM

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စတင်ဖွင့်လှစ် မြန်မာအားကစားအသင်း ရွှေနှစ်ဆု၊ ငွေနှစ်ဆုနှင့် ကြေးတစ်ဆု စတင်ဆွတ်ခူးရရှိ

ရန်ကုန် ဒီဇင်ဘာ ၉

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယနေ့ စတင်ဖွင့်လှစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့သည် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် အဖွင့်ရွှေတံဆိပ်ဆုကို ပထမဆုံး စတင်ဆွတ်ခူးပေးသည်။ ယင်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက ၆၉၀ မှတ်ဖြင့် ပထမ၊ ဗီယက်နမ်အသင်းက ၆၅၀ မှတ်ဖြင့် ဒုတိယ၊ ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က ပူးတွဲတတိယရရှိကြသည်။

အလားတူ အမျိုးသား ကွင်းသွင်းခြင်းခတ်အားကစားနည်း ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသား အားကစားအသင်းက ဒုတိယ ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။

ထို့အတူ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း Poomsae ကကွက်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ယမင်းကေခိုင်က ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး အမျိုးသားတစ်ဦးချင်း Poomsae ကကွက်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဆန်းရှိန်သက်က ဒုတိယ ငွေတံဆိပ်ဆုနှင့် အမျိုးသား၊ အမျိုးသမီး Poomsae ကကွက်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် သော်ဇင်ဟန်နှင့် ချောကလျာဝင်းတို့က ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိကြသည်။

(၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားတိုက်ကွမ်ဒို တစ်ဦးချင်း Poomsae ကကွက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆု ဆွတ်ခူးပေးခဲ့သည့် မြန်မာ့လက်ရွေးစင် ဆန်းရှိန်သက်အားတွေ့ရစဉ်။ (အား/ကာ)

ယနေ့ဖွင့်ပွဲနေ့ပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆုနှင့် ကြေးတံဆိပ်တစ်ဆုတို့ကို ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမဆုံးရွှေ

မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ရယူပေးခဲ့သော မြန်မာအမျိုးသမီး Hoop Takraw အသင်း ဗိုလ်စွဲအပြီး ပျော်မြူးနေစဉ်။ (အား/ကာ)

(၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးတိုက်ကွမ်ဒို တစ်ဦးချင်း Poomsae ကကွက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးခဲ့သည့် မြန်မာ့လက်ရွေးစင် ယမင်းကေခိုင်အား တာဝန်ရှိသူတစ်ဦးက ရွှေတံဆိပ်ဆု ချီးမြှင့်စဉ်။ (အား/ကာ)

ရန်ကုန်မြို့ King Tower နှင်းဆီကုန်းလမ်း အလုံမြို့နယ်နေ မောင်ထက်မြတ်ထွန်းလင်း၏ (၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ရှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံစဉ်။

(သတင်းစဉ်)

ထားဝယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၉

ထားဝယ်အသင်း(ရန်ကုန်)၏ (၈၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့ (Ph.D)ရသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်း မဟာမြိုင်ကျွန်းရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေးခံစားခွင့် လျှောက်ထားလိုသည့် အသင်းဝင်များ၏ သားသမီးများသည် အသင်းရုံးတွင် သက်မှတ်လျှောက်လွှာပုံစံ ထုတ်ယူနိုင်ပြီး လျှောက်ထားလိုသူများနှင့် အစည်းအဝေးတွင် အကြံပြုလိုသည့်စာများကို ဒီဇင်ဘာ ၂၄ ရက် နောက်ဆုံးထား၍ အသင်းသို့ အထောက်အထားများနှင့်တကွ ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ တပ်မတော်လေအသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဒီဇင်ဘာ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့နှင့် အမ်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၀ ရက် ညနေထိ ခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ပထမနေ့ပွဲစဉ်များပြီးဆုံး မိုက်ကယ်အိုဝင်၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူအုပ်စုပိုလ်ဖြစ်

လန်ဒန် ဒီဇင်ဘာ ၉

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ မိုက်ကယ်အိုဝင်၏ ဟက်ထရစ်ဂိုးဖြင့် မန်ယူအသင်း အုပ်စုပိုလ်ဖြစ်ခဲ့ပြီး နာမည်ကြီး ဂျူဗင်တပ်စ်မှာမူ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရီးယဲလ်မက်ဒရစ်အတွက် နှစ်ဂိုးသွင်းပေးခဲ့သည့် စီရော်နယ်လ်ဒို ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူစဉ်။

ဝင်းတင် (ကြေးမုံ)

အဆင်အပြင် - တင်ထွန်းတာ

အုပ်စု(က)

၎င်းအုပ်စုတွင် ဘော်ဒိုးက မက္ကာဘီဟိုင်ဖာကို တစ်ဂိုး - ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ဂျူဗင်တပ်စ်ကို လေးဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ၎င်းအုပ်စုတွင် ဘော်ဒိုးက ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ဘိုင်ယန်မြူးနစ်က ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ ဂျူဗင်တပ်စ်မှာမူ ယူရိုပါလိဂ်ဝင်ခွင့်သာ ရရှိခဲ့သည်။

အုပ်စု(ခ)

၎င်းအုပ်စုတွင် မန်ယူက ဝုဖ်ဘတ်ကို မိုက်ကယ်အိုဝင်၏ ဟက်ထရစ်ဂိုးဖြင့် သုံးဂိုး - တစ်ဂိုး၊ CSKA မော်စကိုက ဘက်ဆစ်တပ်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲများအပြီးတွင် မန်ယူအသင်းက ၁၃ မှတ်ဖြင့် ပထမ၊ CSKA မော်စကိုက ၁၀ မှတ်ဖြင့် ဒုတိယ ရရှိကာ နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။ ဝုဖ်ဘတ်မှာမူ ယူရိုပါလိဂ်ဝင်ခွင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန်ယူအသင်းမှ မိုက်ကယ်အိုဝင် ဝုဖ်ဘတ်ဘက်သို့ အဖွင့်ဂိုး သွင်းယူစဉ်။

အုပ်စု(ဂ)

၎င်းအုပ်စုတွင် ရီးယဲလ်မက်ဒရစ်က မာဆေးလ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဇူးရစ်နှင့် အေစီမီလန်တို့ပွဲမှာ တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်က ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ အေစီမီလန်က ကိုးမှတ်ဖြင့် ဒုတိယ ရရှိကာ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ မာဆေးလ်အသင်းမှာ ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့သည်။

အုပ်စု(ဃ)

၎င်းအုပ်စုတွင် ပေါ်တိုက အက်သလက်တီကိုကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ချယ်လ်ဆီးနှင့် နီကိုးရှားတို့ပွဲမှာ နှစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော် ချယ်လ်ဆီးက ၁၄ မှတ်ဖြင့် အုပ်စုပထမ၊ ပေါ်တိုက ၁၂ မှတ်ဖြင့် ဒုတိယရကာ နောက်တစ်ဆင့်သို့ တက်နိုင်ခဲ့ပြီဖြစ်သည်။ နီကိုးရှားအသင်းမှာ ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့သည်။ ***အင်တာနက်။***

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
☆ နားမယောင်လေနဲ့ သတိထား။

ဆက်သံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၉

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယနေ့ မွန်းလွဲ ၁ နာရီ ၅ မိနစ်မှ ၁ နာရီ မိနစ် ၅၀အထိ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ(၄)တွင် ဖတ်ရှုနိုင်ပါသည်။

ထူးခြားသည့် ညအပူချိန်များ

(၉-၁၂-၂၀၀၉)

ဟားခါး	(-၂)	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅	ဒီဂရီစင်တီဂရိတ်
တီးတိန်	၆	ဒီဂရီစင်တီဂရိတ်
အမ်း	၆	ဒီဂရီစင်တီဂရိတ်

နေပြည်တော်တပ်ကုန်းမြို့နယ် အတွင်း နွေ၊ မိုး၊ ဆောင်း သီး နှံ စုံ စိုက် ပျိုး ဖြစ် ထွန်း လျက် ရှိရာ အောင်မြင် ဖြစ် ထွန်း နေ သော ပန်း ဂေါ် ဖီ စိုက် ခင်း တစ်ခု ကို တွေ့ရစဉ်။

သီးနှံစုံစိုက်ပျိုးမှုအောင်မြင် နေပြည်တော်တပ်ကုန်းမြို့နယ်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

နေပြည်တော်တပ်ကုန်းမြို့နယ်သည် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးထပ်၊သီးညှပ်၊ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်နေသောဒေသဖြစ်သည်။ ထိုကဲ့သို့ အောင်မြင်နေမှု အကြောင်းကို ပြည်သူများသို့ အသိပေးတင်ပြနိုင်ရန်အတွက် ကျွန်တော်တို့ နေပြည်တော်တပ်ကုန်းမြို့နယ်သို့ ခရီးနှင်ခဲ့ကြပါသည်။

နေပြည်တော်တပ်ကုန်းမြို့နယ်သည် ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး စာမျက်နှာ ၉ ကော်လံ ၃ သို့ ■

သတင်းဆောင်းပါး - ဖေထွဏ်းဇော် (ရေစကြို)
ဓာတ်ပုံမှတ်တမ်း - ခင်မောင်ဝင်း (ကြေးမုံ)
အဆင်အပြင် - ဇော်ဝင်း